ကြေးမုံ

The Mirror Daily

၁၉၅၇ ဖြေီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 August 2021 ၁၀၄၅၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၃

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ စက်မှုဇုန်များ လည်ပတ်လျက်ရှိ စာမျက်နှာ » ၈

လှိုင်း သုံးလှိုင်းရဲ့ ကွာခြားချက် စာမျက်နှာ » ၁၀

ဆေးလိပ် သောက်သုံးမှုနှင့် ကိုဗစ်-၁၉ အန္တရာယ် စာမျက်နှာ » ၁၆

ကိုဗစ်ကို အန်တုနိုင်ဖို့ စာမျက်နှာ » ၂၂

မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

မန္တလေး ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်၌ အကျဉ်းသားများအား ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးသည်။

ဆေးထိုးနှံပေး

ထိုသို့ ထိုးနှံပေးရာတွင် နံနက်ပိုင်းမှစတင်၍ အကျဉ်းထောင်အတွင်း သတ်မှတ်ထားသည့် စုရပ်နေရာများ၌ အကျဉ်းသား ၃၅၀၊ အကျဉ်းသူ ၂၅၀ စုစုပေါင်း ၆၀၀ အား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆေးထိုးနှံပေးကြသည်။

အဆိုပါ ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က "အကျဉ်းထောင်အတွင်းမှာရှိတဲ့ အကျဉ်းသားအားလုံး လွှမ်းခြုံအောင် ထိုးနှံပေးမှာပါ။ တချို့ကျတော့ ကိုဗစ်-၁၉ ဆေးနှစ်ကြိမ်ထိုးပြီးတဲ့ သူတွေရှိပါတယ်။ အဲဒီလိုလူတွေကိုတော့ မထိုးပေးပါဘူး။ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေကိုလည်း မထိုးပေးပါဘူး။ သူတို့က ခြောက်လအတွင်း ထိုးပေးလို့မရပါဘူး။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖

ကြေးမုံ

ကျန်းမာရေးကို ရေရှည်မြော်တွေးလုပ်ကိုင်

"အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မိမိတို့နိုင်ငံသည် ကူးစက်မှုနှုန်း ပဉ္စမအများဆုံးဖြစ်ပြီး သေဆုံးမှုနှုန်းအနေဖြင့် တတိယအများဆုံးဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး အားနည်းချက်ရှိနေသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးအသိများ အားနည်းခြင်းနှင့် ပင်ကိုအရ ကျန်းမာရေးအားနည်းချက်များရှိခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၇၈ နှစ်သာရှိသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကိုဗစ်ရောဂါကူးစက်မှုကြောင့်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ ကျန်းမာရေးမြှင့်တင်ရန် လိုအပ်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံး ကျန်းမာရေးမြှင့်တင်ရေးသည် ရေရှည်မြော်တွေး၍ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း" ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လူ့မျှော်မှန်းသက်တမ်းသည် ယခုအခါ ၆၇ ဒသမ ၇၈ နှစ်သာရှိသဖြင့် ကမ္ဘာပေါ်တွင် လူ့မျှော်မှန်းသက်တမ်း အနိမ့်ဆုံးတွင် ပါဝင်နေသည်ကို တွေ့ရသည်။ ယင်းအချက်သည် ပြည်သူများအတွက်သာမက ကျန်းမာရေးဘက်တွင်ပါ ရေရှည်မြော်တွေး၍ စဉ်းစားဆင်ခြင်လုပ်ကိုင်ကြရမည့်အချက်ဖြစ်သည်။ လက်ရှိတွင် ကျန်းမာရေးဘက်ဆိုင်ရာတွင် ကျန်းမာရေး CDM ပြုလုပ်မှုများကြောင့် အားနည်းလိုအပ်ချက်များရှိနေသည်။ ပြည်သူများတွင်လည်း ကျန်းမာရေးအသိအမြင် ဗဟုသုတများ အားနည်းနေသည်။ အကျိုးရလဒ်အနေဖြင့် ရောဂါအခံရှိသူများ၊ သတိမမူမိကြသူများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် မဟုတ်ဘဲ သက်ကြီးရွယ်အိုများသာမက အသက် ၆၀ ဝန်းကျင်ရှိသူများပါ အများဆုံးတိမ်းပါးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ကျန်းမာရေးစနစ် အားနည်းနေသောအချိန်ကာလတွင် ပြည်သူများအနေဖြင့် မိမိကိုယ်မိမိ ကျန်းမာအောင် သတိမူနေထိုင်ကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကို ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးထားခြင်း၊ ကျန်းမာရေးဆိုင်ရာ သတိပေးလမ်းညွှန်ချက်များ၊ ဆောင်ရန်/ရှောင်ရန်များကို အလေးထားလိုက်နာခြင်းဖြင့် ကာကွယ်ထားကြရမည်ဖြစ်သည်။ ပြည်သူများ ရေရှည်တွင် ကျန်းမာစွာနေထိုင်ကြပြီး မျှော်မှန်းလူ့သက်တမ်း မြင့်မားလာစေရန် အစားအသောက်၊ အနေအထိုင်၊ ပြုမူလုပ်ကိုင်မှုများတွင် ကျန်းမာရေးနှင့်ညီညွတ်သော ဆောင်ရွက်မှုများကို နေ့စဉ်မှန်မှန် မဖြစ်မနေလုပ်ကိုင်ကြရမည်ဖြစ်သည်။ အဓိကအချက်မှာ လူတစ်ဦးချင်းအနေဖြင့် အသက်အရွယ်မရွေး စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာစေရန်လိုအပ်သည်။ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်နေစေရန်နှင့် ကိုယ်ခံအားကောင်းအောင် ပြုပြင်ဆင်ခြင်နေထိုင်ကြရန် လိုအပ်ပေသည်။

ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ မိမိစိတ်ကိုမိမိ ယောနိသောမနသီကာရ စိတ်ထားထားပြီး စိတ်ညစ်ညူးမှုမဖြစ်စေရန်၊ စိတ်ဆင်းရဲမှု မဖြစ်စေရန် ပြုပြင်နေထိုင်ရန် လိုအပ်သည်။ နာတာရှည်ရောဂါများ၊ ကိုယ်တွင်းရောဂါများ မဖြစ်ပွားစေရန်အတွက် အဆီ၊ အငန်၊ အချိုများကို လိုသည်ထက် ပိုမိုမစားသောက်ရန်လိုအပ်ပြီး အဆီ၊ အငန်၊ အချိုများကို လျှော့စားကြရန်လိုအပ်သည်။ လေဝင်လေထွက် ကောင်းမွန်သောနေရာများတွင် နေထိုင်ကြရန်လိုအပ်ပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန်လုပ်ကိုင်ကြရန်လိုအပ်သည်။ အိပ်ရေးကိုဝအောင်အိပ်၍ သောကကင်းဝေးနေထိုင်တတ်ရန် အရေးကြီးသည်။ စိုးရိမ်မှုနှင့် ခြိမ်းခြောက်မှုများကို ပိုမိုလွန်ကဲခြင်းမဖြစ်အောင် အားထုတ်ကြရမည်။ မိဘ၊ ဆရာသမားများအား ရိုသေလေးစားကြပြီး ဘာသာတရားအဆုံးအမများနှင့် ကျင့်ကြံအားထုတ်မှုများကို ပုံမှန်လုပ်ကိုင်ကြရန် လိုအပ်သည်။

ယခုအခါတွင် ဆုတ်ကပ်ကာလကြီးဖြစ်နေသဖြင့် ကိုယ်ကျင့်တရားနှင့် ဘာသာတရားတို့မှာ အရေးကြီးသည်။ လူ့မျှော်မှန်းသက်တမ်းရှည်သော နိုင်ငံများရှိ ပြည်သူများသည် သင့်တင့်လျောက်ပတ်သော နေထိုင်စားသောက်မှုတို့ကို ပြုလုပ်နိုင်ကြပြီး မိမိတို့စိတ်ထားကို မိမိတို့ကိုယ်တိုင် ကောင်းမွန်စွာကျင့်သုံး၍ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်တတ်ကြသည်ကို တွေ့ရသည်။ ထိုကဲ့သို့ အဘက်ဘက်က ကောင်းမွန်စွာ နေထိုင်ကျင့်ကြံအားထုတ်ကြပါက မြန်မာနိုင်ငံရှိ လူ့မျှော်မှန်းသက်တမ်းသည် ၇၅ နှစ်သက်တမ်းပြည့်အောင် ပုံမှန်နေထိုင်နိုင်ကြပြီး ထို့ထက်မက အသက်ရှည်ကြာ စိတ်ချမ်းသာစွာနေထိုင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ထားသည့်အတိုင်း မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် လူ့မျှော်မှန်းသက်တမ်း ပြန်လည်မြင့်မားလာရေးအတွက် လာမည့်အနာဂတ်ကာလတွင် ကျန်းမာရေးဘက်ဆိုင်ရာတို့ကို ပြန်လည်မြှင့်တင်ပေးပြီး မိမိတို့ကိုယ်မိမိတို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း အစဉ်အမြဲဖြစ်နေအောင် ကောင်းသောပြုမူကျင့်ကြံလုပ်ကိုင်ခြင်းများကို ရေရှည်မြော်တွေး၍ နေ့စဉ်မပြတ် ကျင့်ကြံအားထုတ် လုပ်ကိုင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၃

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၆၉၁၇ ဦးနှင့် အတွင်းလူနာပေါင်း ၈၁၀၅၁ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ၾင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၈၇၂ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၃၆ ဦး စုစုပေါင်း ၁၉၈၀၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၆၇၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၂၉၇ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၉၆၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လပွတ္တာခရိုင် ခုတင် -၂၀၀ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးများ လှူဒါန်း

လပွတ္တာ ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် (၃) မိုင် မြို့သစ်ခုတင်-၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အိုးများကို ယနေ့မွန်းလွဲ ၃ နာရီခွဲက လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အိုးအလုံး ၃၀ ကို ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့်ဇနီးတို့က လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃- ၈ -၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၈၀၀	၈,၈၀၀	၁၃	၁၁၄,၄၀၀
MTSH	၃,၃၀၀	၃,၂၅၀	၁,၃၁၀	၄,၂၅၈,၀၀၀
MCB	၇,၇၀၀	၇,၇၀၀	၀	၀
FPB	၁၉,၅၀၀	၁၉,၅၀၀	၁,၀၇၀	၂၀,၈၆၅,၀၀၀
TMH	၂,၆၅၀	၂,၆၅၀	၀	၀
EFR	၃,၁၀၀	၃,၁၀၀	၀	၀
AMATA	၅,၀၀၀	၅,၀၀၀	၉	၄၅,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က)အမေရိကန်	တစ်ဒေါ်လာ	=	၁၆၅၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၉၅၉.၉
(ဂ) တရုတ်	တစ်ယွမ်	=	၂၅၅.၂၄
(ဃ)ထိုင်း	တစ်ဘတ်	=	၄၉.၉၇၀
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၉၀.၅၃
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၂.၂၃၀
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၂၂၀.၁
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၂၂၁.၄
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၁၀.၃
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၃.၈၁

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပရဟိတစိတ်ဓာတ်ဖြင့်ပါဝင်ကူညီ

ကိုဗစ်-၁၉ ကာကွယ် ကုသ ထိန်းချုပ်ရေးလုပ်ငန်းများတွင် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသည် လူထုနှင့် ထိတွေ့သည့်အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးရည်မှန်းချက်မပါဘဲ ပရဟိတစိတ်ဓာတ်ဖြင့် ပါဝင်ကူညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး အခြားလူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာများ၊ အသိပညာပေးမှုဆိုင်ရာများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများနှင့် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံ-တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ- ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီကျင်းပသည့် အစည်းအဝေးများသို့ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် အာဆီယံနှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံနှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလေးပေး ဆွေးနွေးပြောကြား

အာဆီယံ-ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof နှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Chung Eui-yong တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေး နယ်ပယ်သုံးရပ်ဖြစ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး သာတူညီမျှရရှိရေး၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) နှင့် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များကို အခြေခံလျက် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းရေး၊ ရေရှည်တည်တံ့သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်ရေးတို့မှတစ်ဆင့် စီးပွားရေး ပြန်လည်ထူထောင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားရန် အလေးပေး ဆွေးနွေးပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (RCEP) အတည်ပြုခဲ့သည့် နိုင်ငံများကို ကြိုဆိုခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း RCEP သဘောတူညီချက် စာပိုဒ် ၂၀.၅ နှင့် ၂၀.၆ နှင့်အညီ အတည်ပြု ပါဝင်ထားကြောင်း အစည်းအဝေးသို့ အသိပေးခဲ့သည်။

ဆက်လက်၍ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို တစ်ဆက်စပ်တည်း ကျင်းပခဲ့ရာ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro Locsin Jr နှင့် တရုတ် နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Wang Yi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အိမ်နီးချင်းကောင်း ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှု၊ ထောက်ပံ့မှုနှင့် အကျိုးဖြစ်ထွန်းစေမှုတို့ဖြင့် အာဆီယံ- တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး၏ နှစ်ပေါင်း (၃၀) ကျော်ခရီးတွင် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိခြင်းကို ကျေနပ်အားရမှုရှိကြောင်း၊ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်ပတ်လည်အထိမ်းအမှတ် ထိပ်သီး အစည်းအဝေးကို ကြိုလင့်လျက် ၂၀၂၂ ခုနှစ်အတွက် ဆွေးနွေးဖက်ဆက်ဆံရေး၏ ဦးတည်ချက်ဆောင်ပုဒ်အဖြစ် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု" (Sustainable Development Cooperation) ကို ဆက်လက်ဖော်ဆောင်ရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ကိုလည်း ကြိုဆိုကြောင်း၊ ကိုဗစ်-၁၉ အာဆီယံတုံ့ပြန်ရေးရန်ပုံငွေနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဆိုင်ရာ စီမံကိန်းများအတွက် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေတို့တွင် တရုတ်နိုင်ငံမှ ထောက်ပံ့မှုများကို ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆက်စပ်ဆေးပစ္စည်း အထောက်အပံ့များ လှူဒါန်းခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ကတိပြုပြောကြား

အစည်းအဝေးအပြီးတွင် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးနိုင်ငံအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးကို ချီးကျူးဂုဏ်ပြုခဲ့ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံရေး၏ ညှိနှိုင်းရေး နိုင်ငံအသစ်အဖြစ် တာဝန်ယူမည့် မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်ကောင်းလျက်ရှိသည့် ဆွေးနွေးဖက် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းလျက် နှစ်ဖက်ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားမြှင့်တင်ပေးမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ရန် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့နှင့်အတူ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အာဆီယံ-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Bui Thanh Son နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Toshimitsu Motegi တို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ကြသည်။ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ဂျပန်နိုင်ငံတို့အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် - ၄ (Initiative for ASEAN Integration- IAI Work PlanIV) ဖော်ဆောင်ရာတွင် ဂျပန်နိုင်ငံ၏ ဆက်လက်ထောက်ပံ့မှုများကို ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ပါဝင်တက်ရောက်

(၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof က သဘာပတိအဖြစ် ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အပေါင်းသုံးနိုင်ငံ (တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံ)တို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးများသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ အာဆီယံအပေါင်းသုံးမူဘောင်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ရှေ့လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက် တိုက်ဖျက်ရေး၊ ကာကွယ်ဆေး သာတူညီမျှရရှိရေး၊ ကုန်ထုတ်စွမ်းအင်ဆုံးရှုံးမှု သက်သာစေရန် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးလာစေရေးနှင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်စီးဆင်းမှု စီမံခန့်ခွဲမှုများကို မြှင့်တင်ရေးတို့သည် အရေးကြီးကြောင်း အလေးပေးပြောကြားသည်။ အဆိုပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဒုတိယအကြိမ်မြောက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက်ပိုင်းတွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ်မြောက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဝန်ကြီးများအစည်းအဝေး (Second Mekong–U.S. Partnership Ministerial Meeting)သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

တက်ရောက်

အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Prak Sokhonn နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Antony J. Blinken တို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ခဲ့ပြီး Mekong–U.S. Partnership ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ထူထောင်ခဲ့သည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ တစ်နှစ်တာကာလအတွင်း တိုးတက်အောင်မြင်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ အနာဂတ်ကာလ မဲခေါင်ဒေသခွဲ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့အပေါ် အကျိုးပြုနိုင်မည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းပြောကြားရာတွင် အမေရိကန်နိုင်ငံမှ မဲခေါင်နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကူညီထောက်ပံ့မှုများကို ကျေးဇူးတင်အသိအမှတ်ပြုကြောင်းနှင့် မြန်မာနိုင်ငံ၌ ပြည်သူများ၏ အသက်အန္တရာယ်ကာကွယ်နိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် အခြားထောက်ပံ့မှုများပိုမိုပေးအပ်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အခြေခံမူများဖြစ်သော အားလုံးသဘောတူညီမှု၊ တန်းတူညီတူရှိမှုနှင့် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းမရှိမှု စသည့်မူများအပေါ် အခြေခံ၍ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုကာ မဲခေါင်ဒေသပြည်သူများကို အကူအညီများ ပိုမိုပေးအပ်သွားရန် ထည့်သွင်းပြောကြားသည်။ ထို့အပြင် ပညာရေး၊ လူငယ်၊ စွမ်းအားမြှင့်တင်မှု၊ စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များပါဝင်သည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု၏ "လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၃)" ထုတ်ပြန်ခြင်းကို ကြိုဆိုကြောင်း ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ လုပ်ငန်းအစီအစဉ်သစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် သတင်းအချက်အလက်မျှဝေမှု၏ အရေးပါမှုနှင့် ကိုဗစ်-၁၉ ရောဂါကာလအလွန် စီးပွားရေးပြန်လည်ထူထောင်နိုင်ရေးတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးလုပ်ဆောင်သွားရန်လည်း အကြံပြုပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများ၏ အစိုးရအရာရှိများအကြား တိုက်ရိုက်ဆက်သွယ်မှုတိုးမြှင့်နိုင်စေရန်ရည်ရွယ်သည့် မူဝါဒဆွေးနွေးပွဲများ ပြုလုပ်ရန်နှင့် ကျားမတန်းတူရည်တူရှိမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်နိုင်မှုတို့အတွက် မူဝါဒဆွေးနွေးပွဲများ ကျင်းပသွားလိုသည့် အမေရိကန်နိုင်ငံ၏ အဆိုပြုချက်များကို ထောက်ခံကြောင်း ပြောကြားသည်။

အတည်ပြုထုတ်ပြန်ခဲ့

ထို့နောက် အစည်းအဝေးမှ အဖွဲ့ဝင်နိုင်ငံများအတွက် သိသာထင်ရှားသည့် အကျိုးရလဒ်ဖော်ဆောင်နိုင်ရန် ရေးဆွဲထားသည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၃)ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြားဆောင်ရွက်ခဲ့သည့် "မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများပူးပေါင်းဆောင်ရွက်မှု အစီအစဉ်" ၏ အောင်မြင်မှုများအပေါ်အခြေပြုလျက် ဒေသတွင်း အားလုံးပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် လက်ရှိနှင့် အနာဂတ်လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် စိန်ခေါ် မှုများကို ဖြေရှင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ်တွင် အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ

နေပြည်တော် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ရှင်းလင်းတင်ပြခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရှင်းလင်းတင်ပြပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုကာလသည် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုပြင်းထန်နေချိန်ဖြစ်သည့်အတွက် ရုံးရက်ရှည်ပိတ်ထားသော်လည်း လုပ်ငန်းများလစ်ဟာမှုမရှိစေရေးနှင့် လက်ရှိလုပ်ငန်းများကို ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်စောင့်အစိုးရ စတင်တာဝန်ထမ်းဆောင်သည့်ကာလတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများသည် မူဝါဒကိုပြောင်းလဲခြင်းမဟုတ်ဘဲ တင်ဆက်ပုံများကို ပိုမိုဆန်းသစ်အောင် ပြောင်းလဲဖန်တီးရမည်ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် အနေအထားအပြင် အိမ်စောင့်အစိုးရ၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့်တင်ဆက်မှု၊ ဆောင်ရွက်မှုများကို စဉ်းစားသုံးသပ်ဆွေးနွေးပေးကြစေလိုပါကြောင်း။

မီဒီယာဖြစ်သည့်အတွက် အချိန်ဆိုင်း၍မရပါကြောင်း၊ အချို့ကိစ္စများသည် သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ရမည်၊ မြန်ရမည်၊ မှန်ရမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်အဆင့်ဌာနတစ်ခုဖြစ်ပြီး ဝန်ထမ်းကိစ္စ၊ မူဘောင်ကိစ္စများကို ယခင်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပြောင်းလဲ၍ ရသည်များကို ပြောင်းလဲမည်ဖြစ်ပါကြောင်း၊ မူဝါဒကို ထိန်းထားရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဖျော်ဖြေမှုအသွင်ဖြင့် ပေါင်းစပ်ရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာကဏ္ဍအနေဖြင့် ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန် သတင်းများဖော်ပြ၍ နိုင်ငံတော်၏ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အလားတူ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ လက်တွဲဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပိုမိုဆန်းသစ်သည့် ပြောင်းလဲမှုများဖြင့် ဆောင်ရွက်လိုသည့်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးရဲတင့်က ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မီဒီယာများအနေဖြင့် အသိပညာပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဩဂုတ် ၃

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများ၏ ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်နှင့် အလုပ်သမားများ၏ အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ထုတ်ပြန်ပေးခဲ့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု တတိယလှိုင်းကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များ သတ်မှတ်ကြေညာကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုဖြတ်တောက်၍ပိုမိုထိရောက်စွာကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအလုပ်ပိတ်ရက်များတွင် စက်ရုံ၊ အလုပ်ရုံများ မလည်ပတ်နိုင်ပါက အလုပ်ရှင်များ ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်နိုင်သကဲ့သို့ အလုပ်သမားများလည်း အလုပ်လက်မဲ့ဖြစ်ကာ ထိခိုက်မှုများရှိနိုင်သည့်အတွက် စက်ရုံ၊ အလုပ်ရုံများအနေဖြင့် အစိုးရရုံးပိတ်ရက် သတ်မှတ်ချက်များနှင့် သက်ဆိုင်ခြင်းမရှိဘဲ လုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက ထုတ်ပြန်ပေးခဲ့ပါကြောင်း။

ယခု အစည်းအဝေးတွင် အလုပ်သမားများအနေဖြင့် လက်ရှိကြုံတွေ့ခံစားရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြသကဲ့သို့ အလုပ်ရှင်များ၏ အခက်အခဲကြားမှ ဆောင်ရွက်ပေးမှုများကိုလည်း ကြည့်ရှုပေးရန်လိုအပ်ပါကြောင်း၊ အလုပ်ရှင်များဘက်ကလည်း စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့် ပုံမှန်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေးတို့အတွက် ဖော်ဆောင်ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများသည် တစ်ဖက်သတ်မကြည့်ဘဲ တစ်ဖက်နှင့်တစ်ဖက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ မျှမျှတတမြင်အောင်ကြည့်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ အလုပ်ရှင်နှင့် အလုပ်သမားများ၏ အမှန်တကယ် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အပြန်အလှန် ညှိနှိုင်းသုံးသပ်ကာ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်ရှင်နှင့်အလုပ်သမားများ၏ကြုံတွေ့နေရသည့်အခက်အခဲများအား ပွင့်ပွင့်လင်းလင်းဆွေးနွေးကာ အကောင်းဆုံးအဖြေရှာ၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသည့် အလုပ်သမား၊ အလုပ်ရှင်နှင့် စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံခံစားနေရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါကို အားလုံးက အတူတကွလက်တွဲကျော်ဖြတ်ရင်း နိုင်ငံ၏ ထုတ်ကုန်စွမ်းအားမြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (A.D) လိုင်စင်ရဘဏ်များနှင့် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (A.D) လိုင်စင်ရဘဏ်များမှ အကြီးတန်းအရာရှိများနှင့် ပြည်တွင်းဘဏ် ၂၄ ဘဏ်နှင့် နိုင်ငံခြားဘဏ် ၂၀ စုစုပေါင်း ၄၄ ဘဏ် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားငွေဈေးနှုန်း မြင့်မားလာမှုအား ဘဏ်များက ဝိုင်းဝန်းထိန်းသိမ်းရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သို့သော် ဈေးနှုန်းများ မြင့်မားလာဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်မားမှုသည် နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးတည်ငြိမ်မှုကို ထိခိုက်စေနိုင်သည့်အတွက် လွန်စွာအရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုအချိန်တွင် အခြား ကုန်စည်ဈေးနှုန်းမြင့်မားမှု မဖြစ်ပေါ်စေရေးနှင့် ဖြစ်သင့်သော ဈေးနှုန်းတစ်ခုတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုရှိစေရေး ဘဏ်များက နိုင်ငံခြားငွေ ရောင်းဝယ်မှုကို ကန့်သတ်ချက်အတွင်းသာ ရောင်းဝယ်ရန်နှင့် မဖြစ်မနေဝယ်ယူရမည့် ကျန်းမာရေးနှင့်ဆိုင်သည့် ကိစ္စရပ်များအတွက် နိုင်ငံခြားငွေအသုံးပြုရန် လိုအပ်လာပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရန်နှင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေ လိုအပ်ချက်အား အထိုက်အလျောက် ဖြည့်တင်းပေးနိုင်ရန် Special Auction ခေါ်ယူ၍ A.D ဘဏ်များသို့ နိုင်ငံခြားငွေများ ရောင်းချပေးခဲ့ပြီး ရောင်းချပေးခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်းအား ရည်ညွှန်းငွေလဲလှယ်နှုန်းအဖြစ် သတ်မှတ်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ယခင်ကျင့်သုံးလျက်ရှိသော ဈေးကွက်အခြေခံသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ခြင်း အစား Auction ခေါ်ယူ၍ ရောင်းချသောဈေးနှုန်းကိုသာ ရည်ညွှန်းငွေလဲလှယ်နှုန်းအဖြစ် ကြေညာမည်ဖြစ်ပါကြောင်း။

ယခင်က နိုင်ငံခြားငွေ ဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ခြင်းများ ဆောင်ရွက်ရာတွင် ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်း အကြား ကွာဟချက် (Spread) အား ၁ ရာခိုင်နှုန်းထက်မပိုစေဘဲ သတ်မှတ်ဆောင်ရွက်ခြင်းအစား ရည်ညွှန်းငွေလဲလှယ်နှုန်းအား Mid rate အဖြစ်သတ်မှတ်၍ ± ၀ ဒသမ ၈ ရာခိုင်နှုန်းဘောင်အတွင်းသာ ရောင်းဝယ်မှုပြုရန် ညွှန်ကြားချက် ပြင်ဆင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ဘဏ်များက စည်းကမ်းတကျနှင့်ညီညွတ်စွာ သတ်မှတ်ဘောင်အတွင်း ဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်မားခြင်းကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါများ ဖြစ်ပွားနေချိန်တွင် ဒေါ်လာဈေးနှုန်းမြင့်မားမှုကြောင့် အခြားကုန်စည်ဈေးနှုန်းများ မြင့်မားလာပါက ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာမည်ဖြစ်သည့်အတွက် တာဝန်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ထုတ်ပြန်မည့် ညွှန်ကြားချက်အပေါ် အကြံပြုဆွေးနွေးကြရန် ဆွေးနွေးဖိတ်ခေါ်ခဲ့ရာ ဘဏ်အသီးသီးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်မည့်ညွှန်ကြားချက်အား လိုက်နာမည်ဖြစ်ကြောင်းနှင့် ဝိုင်းဝန်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **သတင်းစဉ်**

ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ငါန်းဇွန် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ ရွာသစ်ကျေးရွာ၌ မြေသားရေကန် အနက်နှိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ နတ်သားတောကျေးရွာနှင့် သူနတ်စင်ကျေးရွာတို့၌ ရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စံချိန်စံညွှန်းပြည့်မီရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ ဦးစီးအရာရှိ (နည်းပညာ) ဦးစိုးဝင်းထွန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်တွင် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျေးရွာသုံးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၁၉ ဒသမ ၅၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာကျေးရွာရှိ ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေကို အဆင်ပြေစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

ပြည်တွင်းရေးရာ

တိုင်းဒေသကြီး/ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

☆ ရှေ့ဖုံးမှ

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ညွှန်ကြားပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဖြစ်စေ၊ နီးစပ်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း၊

❍ ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ဖုန်းနံပါတ်များ	e-mail လိပ်စာများ	မှတ်ချက်
၁	နေပြည်တော် ကောင်စီနယ်မြေ	၀၆၇-၅၅၀၂၅၁ ၀၆၇-၅၅၀၂၅၂ ၀၆၇-၅၅၀၂၅၃ ၀၆၇-၅၅၀၂၅၄ ၀၆၇-၅၅၀၂၅၅ ၀၉-၄၂၅၂၈၃၃၃၄ (Viber-ဥတ္တရသီရိခရိုင်) ၀၉-၄၅၀၈၄၀၈၈၈ (Viber-ဒက္ခိဏသီရိခရိုင်)	mpf-naypyitaw@e-moha.gov.mm	
၂	ကချင်ပြည်နယ်	၀၇၄-၂၅၂၆၆၇၁ ၀၇၄-၂၅၂၆၆၇၂ ၀၉-၇၉၄၆၁၁၃၅၁ (Viber-မြစ်ကြီးနားခရိုင်) ၀၉-၄၃၀၄၂၀၇၁ (Viber-ဗန်းမော်ခရိုင်) ၀၉-၄၀၃၇၃၉၁၆၃ (Viber-မိုးညှင်းခရိုင်) ၀၉-၂၅၀၃၄၄၂၁၉ (Viber-ပူတာအိုခရိုင်)	mpf-kachin@e-moha.gov.mm	
၃	ကယားပြည်နယ်	၀၈၃-၂၂၄၃၁၅ ၀၈၃-၂၂၄၃၁၆ ၀၉-၇၇၇၇၄၁၉၈၀ (Viber-လွိုင်ကော်ခရိုင်) ၀၉-၅၁၉၄၅၂၁ (Viber- ဘောလခဲခရိုင်)	mpf-kayar@e-moha.gov.mm	
၄	ကရင်ပြည်နယ်	၀၅၈-၂၀၂၁၀၉၆ ၀၅၈-၂၀၂၁၀၀၉ ၀၉-၄၅၇၇၇၇၀၇၄ (Viber-ဘားအံခရိုင်) ၀၉-၄၄၆၇၃၅၂၀၉ (Viber-ကော့ကရိတ်ခရိုင်) ၀၉-၅၁၃၂၅၁၁ (Viber-မြဝတီခရိုင်) ၀၉-၄၀၀၄၅၅၁၅၆ (Viber-ဖာပွန်ခရိုင်)	mpf-kayin@e-moha.gov.mm	
၅	ချင်းပြည်နယ်	၀၇၀-၂၀၂၂၁၁၁ ၀၇၀-၂၀၂၂၃၃၃ ၀၉-၅၃၁၁၆၉၃ (Viber-မင်းတပ်ခရိုင်) ၀၉-၇၉၆၄၃၆၁၃၃ (Viber-မတူပီခရိုင်) ၀၉-၂၃၀၀၈၁၇ (Viber-ဖလမ်းခရိုင်) ၀၉-၅၂၆၂၃၇၃ (Viber-ဟားခါးခရိုင်)	mpf-chin@e-moha.gov.mm	
၆	စစ်ကိုင်းတိုင်းဒေသကြီး	၀၇၁-၂၀၂၆၂၅၃ ၀၇၁-၂၀၂၆၂၅၄ ၀၉-၄၂၀၇၃၆၈၂၇ (Viber-စစ်ကိုင်းခရိုင်) ၀၉-၂၅၈၄၆၆၆၆၈ (Viber-ရွှေဘိုခရိုင်) ၀၉-၆၇၅၆၈၅၁၅၆ (Viber-ကန့်ဘလူခရိုင်) ၀၉-၄၀၁၅၅၇၆၅၆ (Viber-မုံရွာခရိုင်) ၀၉-၉၅၁၄၉၅၄၀၉ (Viber-ယင်းမာပင်ခရိုင်) ၀၉-၈၉၄၄၃၇၂၂၄ (Viber-ကသာခရိုင်) ၀၉-၄၀၂၅၀၈၄၆၈ (Viber-ကလေးခရိုင်) ၀၉-၈၈၀၀၈၇၃၄၀ (Viber-ခန္တီးခရိုင်) ၀၉-၅၁၉၀၄၈၁ (Viber-မော်လိုက်ခရိုင်) ၀၉-၂၅၆၅၉၆၈၈၉ (Viber-တမူးခရိုင်)	mpf-sagaing@e-moha.gov.mm	
၇	တနင်္သာရီတိုင်းဒေသကြီး	၀၅၉-၂၀၂၄၀၂၉ ၀၅၉-၂၀၂၄၀၃၀ ၀၉-၂၅၁၁၃၈၅၇၇ (Viber-ထားဝယ်ခရိုင်) ၀၉-၂၅၆၄၄၅၄၂၄ (Viber-မြိတ်ခရိုင်) ၀၉-၈၉၅၉၁၂၁၆၉ (Viber-ကော့သောင်းခရိုင်)	mpf-tanintharyi@e-moha.gov.mm	
၈	ပဲခူးတိုင်းဒေသကြီး	၀၅၂-၂၂၀၁၉၂၀ ၀၅၂-၂၂၀၁၉၂၁ ၀၉-၄၀၀၅၄၀၁၄၀ (Viber-ပဲခူးခရိုင်) ၀၉-၂၅၀၁၃၂၆၅၆ (Viber-တောင်ငူခရိုင်) ၀၉-၄၄၃၁၃၅၅၂၀ (Viber-ပြည်ခရိုင်) ၀၉-၄၂၁၇၂၃၅၄၇ (Viber-သာယာဝတီခရိုင်)	mpf-bago@e-moha.gov.mm	

စာမျက်နှာ ၇ သို့ »»

»»» စာမျက်နှာ ၆ မှ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ဖုန်းနံပါတ်များ	e-mail လိပ်စာများ	မှတ်ချက်
၉	မကွေးတိုင်းဒေသကြီး	၀၆၃-၂၀၂၈၈၅၅ ၀၆၃-၂၀၂၈၈၅၆ ၀၉-၉၅၄၂၀၆၀၆၁ (Viber-မကွေးခရိုင်) ၀၉-၄၀၀၃၁၁၁၁၀ (Viber-မင်းဘူးခရိုင်) ၀၉-၇၉၄၄၄၇၂၈၀ (Viber-သရက်ခရိုင်) ၀၉-၂၅၇၀၈၀၀၉၈ (Viber-ပခုက္ကူခရိုင်) ၀၉-၄၅၁၅၀၆၀၂၆ (Viber-ဂန့်ဂေါခရိုင်)	mpf-magway@e-moha.gov.mm	
၁၀	မန္တလေးတိုင်းဒေသကြီး	၀၂-၄၀၃၅၈၉၁ ၀၂-၄၀၃၅၈၉၂ ၀၂-၄၀၃၅၈၉၃ ၀၂-၄၀၃၅၈၉၄ ၀၂-၄၀၃၅၈၉၅ ၀၉-၉၆၉၉၅၆၄၇၂ (Viber-မန္တလေးခရိုင်) ၀၉-၄၂၀၇၆၀၂၄၆ (Viber-ပြင်ဦးလွင်ခရိုင်) ၀၉-၂၆၄၆၂၈၃၁၃ (Viber-မြင်းခြံခရိုင်) ၀၉-၈၈၅၅၅၅၀၉၀ (Viber-မိတ္ထီလာခရိုင်) ၀၉-၅၂၁၅၇၇၇၉ (Viber-ရမည်းသင်းခရိုင်) ၀၉-၅၀၈၂၆၁၅ (Viber-ကျောက်ဆည်ခရိုင်) ၀၉-၂၅၀၁၁၁၈၃၈ (Viber-ညောင်ဦးခရိုင်)	mpf-mandalay@e-moha.gov.mm	
၁၁	မွန်ပြည်နယ်	၀၅၇-၂၀၂၇၈၈၀ ၀၅၇-၂၀၂၇၈၈၄ ၀၉-၂၅၂၈၃၉၇၆၄ (Viber-မော်လမြိုင်ခရိုင်) ၀၉-၄၅၁၄၅၅၅၂၆ (Viber-သထုံခရိုင်)	mpf-mon@e-moha.gov.mm	
၁၂	ရခိုင်ပြည်နယ်	၀၄၃-၂၀၂၄၅၅၇ ၀၄၃-၂၀၂၁၀၂၀ ၀၉-၄၂၁၀၀၄၂၁၈ (Viber-စစ်တွေခရိုင်) ၀၉-၇၈၉၉၇၈၃၇၃ (Viber-မြောက်ဦးခရိုင်) ၀၉-၄၀၂၅၄၇၂၄၄ (Viber-မောင်တောခရိုင်) ၀၉-၄၀၁၅၈၂၂၃၆ (Viber-ကျောက်ဖြူခရိုင်) ၀၉-၂၅၄၃၁၅၂၉၉ (Viber-သံတွဲခရိုင်)	mpf-rakhine@e-moha.gov.mm	
၁၃	ရန်ကုန်တိုင်းဒေသကြီး	၀၁-၈၃၀၀၀၁၁ ၀၁-၈၃၀၀၀၁၂ ၀၁-၈၃၀၀၀၁၃ ၀၁-၈၃၀၀၀၁၄ ၀၁-၈၃၀၀၀၁၅ ၀၉-၄၂၁၁၂၈၉၅၁ (Viber-အရှေ့ပိုင်းခရိုင်) ၀၉-၄၃၁၃၇၇၂၉ (Viber-အနောက်ပိုင်းခရိုင်) ၀၉-၅၁၉၄၂၂၃ (Viber-တောင်ပိုင်းခရိုင်) ၀၉-၇၈၆၂၈၁၄၅၆ (Viber-မြောက်ပိုင်းခရိုင်)	mpf-yangon@e-moha.gov.mm	
၁၄	ရှမ်းပြည်နယ်	၀၈၁-၂၀၂၂၄၁ ၀၈၁-၂၀၂၂၄၂ ၀၉-၄၅၉၇၁၆၁၅၅ (Viber-လားရှိုးခရိုင်) ၀၉-၄၅၀၅၄၀၀၃၄ (Viber-ကျောက်မဲခရိုင်) ၀၉-၂၆၀၁၉၉၄၃၄ (Viber-တောင်ကြီးခရိုင်) ၀၉-၄၂၀၀၂၇၀၇၆ (Viber-လင်းခေးခရိုင်) ၀၉-၇၈၄၀၂၁၅၂၁ (Viber-လွိုင်လင်ခရိုင်) ၀၉-၅၁၂၇၈၈၂ (Viber-ကျိုင်းတုံခရိုင်) ၀၉-၅၀၆၈၁၈ (Viber-တာချီလိတ်ခရိုင်) ၀၉-၄၄၀၂၆၈၄၄၁ (Viber-မိုင်းဆက်ခရိုင်) ၀၉-၄၅၄၈၆၄၇၃၄ (Viber-မူဆယ်ခရိုင်) ၀၉-၄၀၃၇၄၇၁၃၂ (Viber-ဟိုပန်ခရိုင်) ၀၉-၂၆၅၂၉၅၀၇၆ (Viber-မိုးမိတ်ခရိုင်)	mpf-shan@e-moha.gov.mm	
၁၅	ဧရာဝတီတိုင်းဒေသကြီး	၀၄၂-၂၀၂၃၀၃ ၀၄၂-၂၀၂၃၀၆ ၀၉-၄၃၀၄၆၄၄၃ (Viber-ပုသိမ်ခရိုင်) ၀၉-၂၅၉၀၄၂၃၃၀ (Viber-ဟင်္သာတခရိုင်) ၀၉-၄၅၄၄၆၆၆၆၇ (Viber-မြောင်းမြခရိုင်) ၀၉-၉၅၀၉၇၇၃၇၆ (Viber-လပွတ္တာခရိုင်) ၀၉-၂၀၁၉၉၅၃ (Viber-မအူပင်ခရိုင်) ၀၉-၂၅၄၄၃၆၄၁၄ (Viber-ဖျာပုံခရိုင်)	mpf-ayeyarwaddy@e-moha.gov.mm	

❖ **မန္တလေးအကျဉ်းထောင်မှ**

ဒီနေ့ပထမဦးဆုံးနေ့မှာ အသက် ၆၀ နဲ့အထက် အကျဉ်းသားတွေကို ဦးစားပေးထိုးနှံပေးပါတယ်။ ကျန်တဲ့အဖွဲ့တွေကို တစ်ဆောင်ချင်း အိပ်ဆောင်အလိုက် ထိုးနှံပေးသွားမှာပါ။ ဆေးထိုးပေးတဲ့သူတွေကတော့ အကျဉ်း ဦးစီးဌာနမှာရှိတဲ့ အကျဉ်းထောင်ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေဖြစ်ပါတယ်။ အပြင်မှာလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေ ထိုးနေပါတယ်။ အပြင်နဲ့နည်းတူ အကျဉ်းထောင်မှာရှိတဲ့ အကျဉ်းသားတွေကို ထိုးပေးတာဖြစ်ပါတယ်။ ဒီလိုကာကွယ်ဆေးထိုးနှံပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ အကျဉ်းဦးစီးဌာနကတာဝန်ရှိသူတွေကို အကျဉ်းသားတွေကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်”ဟု ပြောသည်။

ကာကွယ်ဆေးထိုးနှံခဲ့သူ အကျဉ်းသားတစ်ဦးကလည်း “အခုလို ကာကွယ်ဆေးထိုးနှံနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ရင်ထဲမှာ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဆေးအပေါ် ယုံကြည်မှုလည်းရှိတယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ ထောင်မှူး၊ ထောင်ပိုင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကျေးဇူးတင်ပါတယ်။ ဆေးမထိုးခင်မှာ သွေးပေါင်တွေချိန်တာနဲ့ အပူချိန်တိုင်းတာပေးတာတွေကိုလည်း လုပ်ဆောင်ပေးပါတယ်။ ကာကွယ်ဆေးထိုးတဲ့အပေါ်မှာလည်း ကြောက်တဲ့စိတ်မရှိခဲ့ပါဘူး။ မန္တလေးမြို့မှာ ကာကွယ်ဆေးတွေထိုးနေပြီဆိုတာ တီဗွီထဲမှာတွေ့ရတော့ အဘတို့ဆီလည်း ထိုးပေးရင်ကောင်းမယ်ဆိုပြီး စိတ်ထဲကတွေးမိတယ်။ ဆေးလာထိုးပေးဖို့ ကြာဦးမယ်လို့ ထင်ခဲ့မိပေမယ့် အခုလို ချက်ချင်းကြီးရောက်လာတော့ ဝမ်းသာတာပေါ့”ဟု ပြောသည်။

ကာကွယ်ဆေးထိုးနှံခဲ့သူအကျဉ်းသူတစ်ဦးကလည်း “ ကျွန်မတို့ကို ပစ်ပယ်မထားဘဲ အခုလို ဦးစားပေးအဆင့်အနေနဲ့ ကာကွယ်ဆေးထိုးပေးတဲ့အတွက်ကြောင့် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို ကာကွယ်ဆေးထိုးနိုင်အောင် စီစဉ်ပေးတဲ့သူအားလုံး စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းတွေနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကို ကျေးဇူးလည်းတင်ပါတယ်”ဟု ပြောသည်။

ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် ပါဝင်မှုပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက်နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ပေးထားခြင်း၊ အနားယူနေစဉ်အချိန်အတွင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာပါကလည်း လိုအပ်သည်များ ကုသပေးနိုင်ရန် အဆင်သင့်ဆောင်ရွက်ပေးခြင်းတို့အပြင် နောက်ရက်များတွင်လည်း ကာကွယ်ဆေးများ ရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

ရွှေဘိုမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

ရွှေဘို ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများ၊ ရဟန်းသံဃာများ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ စက်ရုံ/အလုပ်ရုံဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် စုရပ် ခြောက်နေရာကို အဖွဲ့ခြောက်ဖွဲ့ခွဲကာ ယနေ့နံနက် ၉ နာရီမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

ရွှေဘိုမြို့နယ်အတွက် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံး ၁၅၀၀ ရရှိပြီး ကာကွယ်ဆေးတစ်လုံးလျှင် လူ နှစ်ဦးနှုန်းဖြင့် အယောက် ၃၀၀၀ ကို နှစ်ရက်ဆက်တိုက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အဆိုပြုချက်(မူကြမ်း)နှင့်စပ်လျဉ်းသည့် ဌာနတွင်းဆွေးနွေးမှု ပြုလုပ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ပေးပို့လာသော အဆိုပြုချက်(မူကြမ်း)နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအတွင်း ဆွေးနွေးညှိနှိုင်းခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကျိုးရှိမည့် အဆိုပြုချက်တစ်ခုဖြစ်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံခေါင်းဆောင်များ ဆွေးနွေးသဘောတူညီခဲ့ကြသည့် အချက်(၅)ချက်အနက် နံပါတ်(၄)အချက်ဖြစ်သည့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ASEAN Humanitarian Assistance and Coordination Center for Disaster Management–AHA Center က တစ်ဆင့်ပေးအပ်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ယခုအာဆီယံအတွင်းရေးမှူးချုပ်ရုံးက ပေးပို့လာသည့် အဆိုပြုချက်မူကြမ်းတွင် ပါဝင်သည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကာကွယ်ဆေး၊ အခြားဆေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ မြန်မာနိုင်ငံသို့ ပံ့ပိုးပေးအပ်မည့်အစီအစဉ်သည် မိမိတို့နိုင်ငံအတွက် အကျိုးရှိမည့် အဆိုပြုချက်တစ်ခုဖြစ်ပါကြောင်း၊ သို့သော် လုပ်ငန်းများ မြန်ဆန်စွာနှင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်မှာ သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာသည့်အချိန်တွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍လည်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖြစ်ပွားသော သဘာဝဘေးဖြစ်စဉ်များတွင် ဘေးသင့်တင်းများ အချိန်မီရရှိရေးသည် အရေးကြီးပါကြောင်း၊ သို့မှသာ ဘေးသင့်ပြည်သူများသို့ လူသားချင်းစာနာထောက်ပံ့မှု ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဆွေးနွေးပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အာဆီယံအတွင်းရေးမှူးချုပ်ရုံးက လျာထားရေးဆွဲထားသည့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ် (မူကြမ်း)ကို Power Pointဖြင့် ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်က တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ထပ်မံဖြည့်စွက်ဆွေးနွေးသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည့် လမ်းညွှန်ချက်ချမှတ်ပေးပြီး ပိုမိုကောင်းမွန်ထိရောက်မည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်နိုင်သည့်လုပ်ငန်းစဉ်များ၊ ထပ်မံညှိနှိုင်းပြင်ဆင်သင့်သည့်အချက်များ၊ မူဝါဒလမ်းညွှန်ချက်များရယူနိုင်ရေးအတွက် တာဝန်ရှိဌာနအဆင့်ဆင့်သို့ ဆက်လက်တင်ပြသင့်သည့်အချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၁၁/၂၀၂၁) အစည်းအဝေး ကျင်းပ

ပုသိမ် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ(၁၁/၂၀၂၁) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကာကွယ်ဆေး ထိုးနှံပေးရေးဆိုင်ရာများနှင့် ရောဂါရှာဖွေ ကုသရေးဆိုင်ရာ လုပ်ငန်းများအား မြေပြင်စာရင်းဇယားများ မှန်ကန်စွာ တင်ပြနိုင်ရေး၊ အောက်ဆီဂျင်လိုအပ်ချက်များ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး စသည်တို့ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ယခင်နေ့ အစည်းအဝေး မှတ်တမ်းအပေါ် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက အထွေထွေဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုတွတ်(မြန်/ဆက်)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်အတူ စက်မှုဇုန်များလည်ပတ်လျက်ရှိ

ရန်ကုန် ဩဂုတ် ၃

ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိပြီး ကိုဗစ်ပထမလှိုင်းကဲ့သို့ တတိယလှိုင်းတွင်လည်း ကိုဗစ်နှင့်ယှဉ်တွဲ၍ စက်မှုလုပ်ငန်းများ လည်ပတ်လျက်ရှိရာ ရန်ကုန်မြို့ သီလဝါစက်မှုဇုန် အပါအဝင် စက်မှုဇုန်များအတွင်းရှိ စက်ရုံအချို့ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်ပထမလှိုင်းတွင် စက်ရုံများဆက်လက်လည်ပတ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်စည်းကမ်းနှင့်အညီ A၊ B၊ C Group များခွဲ၍ A အဆင့်နှင့် B အဆင့်ကို ဆက်လက်လည်ပတ်ခွင့်ပြုပြီး C အဆင့်ကို လည်ပတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခွင့်ပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါနှင့်ယှဉ်တွဲ၍ စက်မှုလုပ်ငန်းများ လည်ပတ်ခဲ့သည်။ ယခုကိုဗစ်တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှု မြန်ဆန်သောကြောင့် စက်မှုဇုန်များ၌ ယာယီပိတ်ထားသောစက်ရုံများရှိသော်လည်း စားသောက်ကုန်၊ ပြည်တွင်းထုတ်ကုန်၊ ပြည်ပပို့ကုန်နှင့် အထည်ချုပ်လုပ်ငန်းများမှ စက်ရုံအချို့ လည်ပတ်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်၌ ဇူလိုင်လနောက်ဆုံးပတ်တွင် ၄၁ ရုံ လည်ပတ်လျက်ရှိကြောင်း သိရသည်။

တည်တည်ငြိမ်ငြိမ်လည်ပတ်နိုင်

“စက်ရုံတွေကို ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းအတိုင်း လိုက်နာဖို့နဲ့ သံသယရှိတဲ့ အလုပ်သမားဆိုရင် သီးသန့်ထားဆေးစစ်ပြီး ဆေးရုံနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ ထုတ်ပြန်ထားတယ်။ အဓိက အလုပ်သမားတွေကို စက်ရုံမှာ မြန်မြန်ဆေးစစ်ချင်ကြတယ်။ ဒါမှ ရောဂါသိပြီး မြန်မြန်ဆေးကုလို့ရမယ်။ စက်ရုံတွေ လွှတ်လွှတ်လပ်လပ် လည်ပတ်လို့ရမယ်။ ပြီးတော့ ကျွန်မတို့စီမံခန့်ခွဲရေးရုံးဝန်ထမ်းတွေနဲ့ စက်ရုံလုပ်သားတွေ ကာကွယ်ဆေးထိုးချင်ကြတယ်။ အများနဲ့တစ်နေရာတည်းမှာ စုဖွဲ့လုပ်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ရောဂါကာကွယ်ရေး လွှမ်းခြုံနိုင်အောင် ဆောင်ရွက်နိုင်ပြီဆိုရင် စက်မှုလုပ်ငန်းတွေ တည်တည်ငြိမ်ငြိမ် လည်ပတ်နိုင်မှာပါ”ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသန်းသန်းသွယ်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် စက်ရုံပေါင်း ၉၄ ရုံရှိပြီး စက်ရုံလုပ်သားနှစ်သောင်းခန့်နှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာဝန်ထမ်း ၁၀၀ ခန့်ရှိ၍ ပို့ကုန်/သွင်းကုန်ကဏ္ဍနှင့် Logistic Factory များ လည်ပတ်လျက်ရှိသည်။ သီလဝါစက်မှုဇုန်အတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို ဆောင်ရွက်ရာ၌ နိုင်ငံတော်က စက်မှုလုပ်ငန်းနှင့် ဆက်စပ်သော အစုအဖွဲ့ကို တစ်ဆက်တည်း ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များနှင့်အညီ အဆင့်ဆင့် လမ်းညွှန်မှုအတိုင်း စက်ရုံများလည်ပတ်လျက်ရှိပြီး စက်မှုဇုန်များ ရောဂါကာကွယ်၊ ထိန်းချုပ်မှု ဆောင်ရွက်ပြီးစီးပါက မူလစစ်နှုန်းအတိုင်း သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့ရှိ စက်မှုဇုန်များ ပြန်လည်လည်ပတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၃

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

မိုး/ဇလ

❒ ကျောဖုံးမှ

၃။ အဆိုပါ မြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန်-

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder)ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ(Dry Port)မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့် ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP)အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူ များမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၄-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ရဟန်းသံဃာတော်များ၊ သာမဏေများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုအား ကြည့်ရှုအားပေး

တောင်ကြီး ဩဂုတ် ၃

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မူလမင်းကွန်းပရိယတ္တိ စာသင်တိုက်၌ ရဟန်းသံဃာတော်များ၊ သာမဏေများ၊ သီလရှင်ဆရာလေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဆက်လက်ထိုးပေးသွားမည်

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုတွင် မူလမင်းကွန်း ပရိယတ္တိစာသင်တိုက်၌ တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၃ ကျောင်းမှ ရဟန်းသံဃာတော် ၁၁၃ ပါး၊ သာမဏေ ၇၂ ပါးနှင့် သီလရှင် ဆရာလေးခုနစ်ပါးကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကျန်ရှိသည့်ကျောင်းများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

နေပြည်တော် ဩဂုတ် ၃

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင်များက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များဖြစ်ကြသည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်းအရာရှိများက အလှူငွေကျပ်သိန်း ၁၀၀၊ နှလုံးလှ မေတ္တာရှင်များဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၅၀၊ မဇ္ဈိမဂုဏ်ရည်ဆရာတော်နှင့် အလှူရှင်များက အလှူငွေကျပ်သိန်း ၂၀၀ နှင့် အောက်ဆီဂျင်အိုး အလုံး ၈၀၊ SHOGUN Co.,Ltd က အလှူငွေကျပ်သိန်း ၃၀၀၊ Myanmar Supply Co.,Ltd က ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ကလိုရင်း ငါးဂါလန် ပုံး ၂၀၀၊ Grate Cairo Co.,Ltd က ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ အောက်ဆီဂျင်အရည် သိုလှောင်ကန်နှစ်လုံး ထပ်မံတည်ဆောက်လျက်ရှိ

မန္တလေး ဩဂုတ် ၃

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် အောက်ဆီဂျင်အရည် လှောင်ကန်နှစ်လုံး ထပ်မံတည်ဆောက်နေကြောင်း ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပံ့ပိုးငွေရှာဖွေရေးကော်မတီမှ သိရသည်။

"လက်ရှိ တန် ၂၀ ဆံ့ 20 m^3 Liquid Oxygen Tank Supply Plant ကနေ အောက်ဆီဂျင်တွေကို အောက်ဆီဂျင်လိုအပ်တဲ့ လူနာတွေကို ပိုက်လိုင်းနဲ့ တိုက်ရိုက်သွယ်တန်းပြီး ပေးနေပါတယ်။ အဲဒီစက်အနီးမှာ အောက်ဆီဂျင်အရည် သိုလှောင်ကန်နှစ်လုံးကို စီစဉ်နေပါတယ်။ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရန်ပံ့ပိုးငွေရှာဖွေရေးကော်မတီအစီအစဉ်နဲ့ဆောင်ရွက်နေပါတယ်။ ဖောင်ဒေးရှင်းတွေလုပ်နေပါပြီ။ နောက်ဆိုရင် အောက်ဆီဂျင်အရည်တွေကို ကြိုတင်လှောင်ထားလို့ရတော့မှာပါ။ အရည်သယ်ပို့ရတာလည်း အလျဉ်မီသွားမယ်၊ ဆေးရုံမှာရှိတဲ့လူနာတွေအတွက် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပံ့ငွေရှာဖွေရေး ကော်မတီမှအတွင်းရေးမှူး ဦးတင်ငွေက ပြောသည်။

အဆိုပါ အောက်ဆီဂျင်အရည်သိုလှောင်ကန်နှစ်လုံးမှာ တစ်လုံးလျှင် ၂၅ တန်ဆံ့ဖြစ်ပြီး လက်ရှိ 20 m^3 Liquid Oxygen Tank Supply Plant ကပ်လျက်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး ငွေကျပ်သိန်းတစ်ထောင်နီးပါး ကုန်ကျမည်ဖြစ်ကြောင်း၊ ဩဂုတ်လအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း

လှိုင်း သုံးလှိုင်းရဲ့ ကွာခြားချက်

အောင်ရှင်း

မာယာများတဲ့ ကိုဗစ်ရောဂါ တတိယလှိုင်းကတော့ အမြင့်ဆုံးကာလကို ရင်ဆိုင်နေရတယ်ထင်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာလည်း ကူးစက်နှုန်းမြင့်ပြီး သေဆုံးနှုန်းမြင့်တက်လျက်ရှိပါတယ်။ ဇူလိုင်လ လယ်ကစပြီး ကမ္ဘာတစ်ဝန်းသေဆုံးနှုန်း ၃၀ ရာခိုင်နှုန်းမြင့်တက်ပြီး အင်ဒိုနီးရှားမှာ တစ်ရက် ပျမ်းမျှ ၁၃၀၀ လောက် သေနှုန်းရှိတယ်လို့ သိရပါတယ်။ ဒီလိုကူးစက်နှုန်းမြင့်တက်ပြီး သေဆုံးနှုန်းများရခြင်း အဓိကအကြောင်းရင်းကတော့ မျိုးကွဲဗီဇပြောင်း ရောဂါပိုးတွေကြောင့် ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေမှာလည်း မျိုးကွဲဗီဇပြောင်းပိုးကို ပြင်းပြင်းထန်ထန်ခံစားနေရပါတယ်။

မြန်မာနိုင်ငံမှာတော့ မေလနောက်ဆုံးပတ်လောက်ကနေစပြီး တတိယလှိုင်းကို ခံစားခဲ့ရပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေက နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ လက်ရှိအစိုးရကို ဆန့်ကျင်လိုသူတွေရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကို ကြုံတွေ့နေရတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ မာယာများတဲ့ မျိုးရိုးဗီဇပြောင်းကိုဗစ်ပိုးနဲ့ ရင်ဆိုင်နေရလို့ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို ပထမလှိုင်း၊ ဒုတိယလှိုင်းထက် ပိုမိုပြီးအားထုတ်လုပ်ကိုင်နေရတယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံမှာ ရင်ဆိုင်နေရတဲ့ တတိယလှိုင်းမှာ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ မတူတဲ့အချက်ပေါင်းများစွာရှိပါတယ်။ အဓိကအချက်တွေကတော့ ရောဂါပိုးရဲ့ သဘောသဘာဝ၊ ပြည်သူတွေရဲ့ ကျန်းမာရေးသတိလျော့နည်းနေမှု၊ အဖျက်အမှောင့်သမားတွေရဲ့အန္တရာယ်၊ ယခင်အစိုးရရဲ့ပျက်ကွက်မှုနဲ့ လက်ရှိအစိုးရရဲ့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နေမှုတွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ရောဂါပိုးရဲ့သဘောသဘာဝနဲ့ တတိယလှိုင်း

ကျန်းမာရေးပညာရှင်တွေ အထပ်ထပ်အခါခါ ရှင်းပြနေလို့ အကျယ်တဝင့် ပြောစရာမလိုအောင် အားလုံးသိပြီးဖြစ်ပါတယ်။ သေချာတာတစ်ခုကတော့ ယခုဖြစ်နေတဲ့ မျိုးရိုးဗီဇပြောင်းရောဂါပိုးဟာ မြန်မာနိုင်ငံတစ်ခုတည်းမှာသာ ပြင်းထန်စွာကူးစက်နှုန်းမြင့်မားပြီး သေဆုံးနေတာမဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ကူးစက်နှုန်း၊ သေဆုံးနှုန်း အလွန်မြင့်မားတဲ့စာရင်းထဲမှာ မပါဝင်ဘူးဆိုတာကို ကိန်းဂဏန်းအချက်အလက်တွေအရ သိမြင်နိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံအတွင်းဖြစ်ခဲ့တဲ့ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ယှဉ်ရင်တော့ တတိယလှိုင်းဟာ အချိန်တိုအတွင်း ကူးစက်နှုန်းမြင့်မားပြီး သေဆုံးသူများခဲ့တာတော့ သေချာပါတယ်။ အထူးသဖြင့် ရောဂါအခံရှိသူ၊ အသက်အရွယ်ကြီးရင့်သူ၊ ကာကွယ်ဆေးထိုးမထားသူတွေက အန္တရာယ်အရှိဆုံးဖြစ်ခဲ့ပါတယ်။ မာယာများတဲ့ ရောဂါပိုးရဲ့သဘောသဘာဝကြောင့် လက္ခဏာမပြဘဲ ပိုးရှိသူတွေရဲ့ဖြန့်ဝေမှု၊ ဆတိုးကူးစက်နှုန်းမြင့်မားတဲ့ မျိုးရိုးဗီဇတို့ကြောင့်လည်း ယခုလိုအခြေအနေမျိုး ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။

ကျန်းမာရေးပညာရှင်တွေရဲ့ လတ်တလောလေ့လာတွေ့ရှိချက်အရ တတိယလှိုင်းစတင်ဖြစ်ပွားချိန်နဲ့ အချိန်တိုအတွင်းမှာ ကူးစက်နှုန်း၊ သေဆုံးနှုန်းမြင့်တက်ရတဲ့ အကြောင်းရင်းတွေက–

- ☆ ပထမလှိုင်း၊ ဒုတိယလှိုင်းတွေမှာ စီစဉ်ထားရှိခဲ့တဲ့ ကိုဗစ်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံတွေနဲ့ အထောက်အကူပြုပစ္စည်းများ အားနည်းခြင်း၊
- ☆ ဒုတိယလှိုင်းကာလဖြစ်တဲ့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း အကာအကွယ်မဲ့ ပြည်သူအများစု ရာထောင်ချီ လူစုလူဝေးများ ဖြစ်ပေါ်ခဲ့ခြင်း၊
- ☆ တတိယလှိုင်းရဲ့အစ မျိုးရိုးဗီဇကွဲပိုး စတင်ပျံ့နှံ့ချိန်မှာ ပြည်သူလူထု ကျန်းမာရေးသတိ လျော့နည်းချိန်ဖြစ်နေတာနဲ့ CDM လှုပ်ရှားမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားနည်းနေခဲ့ခြင်း

စတာတွေကြောင့် တတိယလှိုင်းအရှိန်ရလာချိန်မှ ပြည်သူလူထုအခက်အခဲကြုံတွေ့နေရခြင်း ဖြစ်ပါတယ်။

အဖျက်အမှောင့်သမားတွေရဲ့ အန္တရာယ်

ဒ့ါအပြင် နိုင်ငံရေးရည်မှန်းချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကို ပျက်ပြားစေလိုသူတွေက ကျန်းမာရေးလောက CDM လှုပ်ရှားမှုနဲ့အတူ ကိုဗစ်ကာကွယ်ဆေးမထိုးဖို့ လှုံ့ဆော်မှုတွေ၊ ကိုဗစ်ကာကွယ်ကုသရေးစင်တာတွေ ပိတ်သိမ်းမှုတွေလုပ်ခဲ့တဲ့ အကျိုးဆက်ကလည်း တတိယလှိုင်းကို အချိန်တိုအတွင်း အရှိန်မြင့်တက်စေခဲ့တယ်လို့ သုံးသပ်ရပါတယ်။

ကိုဗစ်အန္တရာယ်ဟာ နိုင်ငံရေးအရောင်အသွေးမရွေး၊ လူတန်းစားမရွေး ရင်ဆိုင်ကြုံတွေ့နေရပေမယ့် အချို့သောအစိုးရဆန့်ကျင်ရေးလှုပ်ရှားသူတွေက အစိုးရကိုတိုက်ခိုက်ဖို့ ကိုဗစ်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို နိုင်ငံရေးအောက်လုံးထိုးပြီး နှောင့်ယှက်ခဲ့ကြတာ အံ့သြဖွယ်ရာ မြင်တွေ့နေရပါတယ်။ ဘယ်လိုစိတ်ဓာတ်မျိုးနဲ့ ဒီလိုအောက်တန်းကျတဲ့လုပ်ရပ်တွေကို လုပ်နေကြသလဲဆိုတာ နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ လူသားမဆန်စာနာစိတ်ကင်းမဲ့တဲ့ အဖျက်သမားတွေရဲ့ ကိုဗစ်တတိယလှိုင်းဖြစ်ပွားမှုကို နိုင်ငံရေးအကျိုးအမြတ်အဖြစ် အသုံးချနေတဲ့လုပ်ရပ်တွေဟာ မလုပ်သင့်တဲ့ လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

ဒီလိုအချိန်၊ ဒီလိုကာလမှာ မလုပ်သင့်တဲ့ လုပ်ရပ်တွေဖြစ်ပေါ်နေရတဲ့ အခြေခံအကြောင်းတရားက ယခင်အစိုးရ၊ တစ်နည်းအားဖြင့် NLD ပါတီရဲ့ အဆင်အခြင်မဲ့လုပ်ရပ်တွေကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒုတိယလှိုင်း ပြင်းထန်နေတဲ့ကာလကြီးကို အသုံးချပြီး ရွေးကောက်ပွဲရအောင်ကျင်းပခဲ့သလို တစ်ပါတီတည်း အစိုးရဖွဲ့နိုင်ဖို့ မဖုံးနိုင် မဖိနိုင်မဲမသမာမှုတွေ လုပ်ခဲ့ကြပါတယ်။ ဒီပြဿနာကို ဥပဒေကြောင်းအရ စားပွဲဝိုင်းပေါ်မှာ ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းလို့ရတဲ့ နည်းလမ်းတွေအားလုံးကို လျစ်လျူရှုငြင်းပယ်ခဲ့တဲ့ NLD အစိုးရနဲ့ပါတီကြောင့် ဒီကနေ့ နိုင်ငံရေးမတည်မငြိမ်မှုတွေ ဖြစ်နေရတယ်လို့ နိုင်ငံရေးလေ့လာသူတွေက ထောက်ပြကြပါတယ်။ ဒ့ါအပြင် ပြည်သူလူထုကို အတွေးအခေါ်အမှားတွေ၊ သတင်းအမှားတွေပေးပြီး အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်ကို ဆွဲတင်နေတာကို တွေ့ရပါတယ်။ မည်သူ့အတွက်မှ အကျိုးမရှိနိုင်တဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ကိုဗစ်ဒုတိယလှိုင်းကို ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အသုံးချခဲ့သလို တတိယလှိုင်းကိုလည်း NLD အာဏာပြန်လည်ရရှိရေးအတွက် အသုံးချနေသလိုဖြစ်နေပါတယ်။ ပြည်သူ့မျက်နှာကိုတော့ ကြည့်ဖို့လိုပါတယ်။

ပညာရှင်များ၏အကြံပြုချက်

ကိုဗစ်ကပ်ရောဂါကို ရင်ဆိုင်ကြတဲ့နေရာမှာ ကျူးကျော်လာတဲ့ ဗိုင်းရပ်စ်ရောဂါပိုးကို လူသားတွေအားလုံး ပူးပေါင်းတိုက်ထုတ်နေရတဲ့ ကမ္ဘာ့စစ်ပွဲကြီးတစ်ခုအဖြစ်ရှုမြင်ဖို့ ပညာရှင်တွေက အဆိုပြုပါတယ်။ ကိုဗစ်ကပ်ရောဂါကို တိုက်ထုတ်တဲ့နေရာမှာ စစ်ပွဲတစ်ခုလို သဘောထားပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ကြဖို့ အချက် (၆) ချက်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလလောက်ကတည်းက ကမ္ဘာ့ပညာရှင်တွေ ကြိုတင်သတိပေးနေခဲ့ကြပါတယ်။

ပညာရှင်တွေ အကြံပြုထားတဲ့အချက်တွေကတော့–

(၁) **Maintain essential capabilities– လိုအပ်တဲ့လုပ်နိုင်စွမ်းတွေ၊ စွမ်းဆောင်နိုင်ရည်တွေအားလုံးကို ထိန်းသိမ်းထားရှိရန်။**

(၂) **Develop global and local surveillance networks– နိုင်ငံတကာနဲ့ ဒေသတွင်း ရောဂါစောင့်ကြည့်ရေး ကွန်ရက်တွေ ဖွဲ့စည်းကြရန်။**

(၃) **Build and maintain a network of alliances– မိတ်ဖက်ကွန်ရက်တွေကို တည်ဆောက်ထိန်းသိမ်းထားရန်။**

(၄) **Build emergency response capacity– အရေးပေါ်တုံ့ပြန်နိုင်တဲ့ စွမ်းရည်တွေ တည်ဆောက်ရန်။**

(၅) **Forward-deployed personnel and weaponry– လိုအပ်တဲ့ကျန်းမာရေးဝန်ထမ်းတွေ၊ အထောက်အကူပြုအဖွဲ့တွေနဲ့ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းတွေကို လိုအပ်တဲ့နေရာတွေမှာ ကြိုတင်ပြင်ဆင်နေရာချထားရန်။**

(၆) **Invest in the defensive weapons of the future– ကာကွယ်ဆေး ထုတ်လုပ်တဲ့နေရာတွေမှာ ခုခံကာကွယ်ရေးလက်နက်တွေ တပ်ဆင်ထုတ်လုပ်သလို သဘောထားပြီး ရင်းနှီးမြှုပ်နှံကြဖို့ အကြံပြုခဲ့ပါတယ်။**

ယခင် NLD အစိုးရရဲ့ပျက်ကွက်မှု

ဒီအချက်တွေကိုကြည့်မယ်ဆိုရင် ယခင် NLD အစိုးရအနေနဲ့ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေအားလုံးကို ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက မဟာဗျူဟာရေးဆွဲပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုပ်ခဲ့လား၊ မလုပ်ခဲ့ဘူးလားဆိုတာ မြေပြင်အခြေအနေကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကြသူတိုင်း သိနိုင်ပါတယ်။ ယခင် NLD အစိုးရအနေနဲ့ ကိုဗစ်ကပ်ရောဂါကြီး ဖြစ်ပွားနေကတည်းက အထက်ပါအချက်တွေကို လျစ်လျူရှုပြီး မိမိတို့အစိုးရ နောက်တစ်ကြိမ် အာဏာပြန်လည်ရရှိရေးအတွက်သာ အာရုံစိုက်နေခဲ့ကြပါတယ်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုက NLD ပါတီအောင်နိုင်ရေးအတွက် အကျိုးရှိခဲ့တယ်လို့ ပါတီရဲ့ပြန်ကြားရေးတာဝန်ခံ မုံရွာ ဦးအောင်ရှင်ကိုယ်တိုင် အကုန်သိသတင်းဌာနနဲ့အင်တာဗျူးမှာ ထုတ်ဖော်ပြောကြားခဲ့တာကို ကျွန်တော်တို့ပြည်သူတွေ အံ့သြဖွယ်ကြားရမြင်တွေ့ရပါတယ်။

ယခင်အစိုးရကို ဦးဆောင်နေခဲ့သူ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဆိုရှယ်မီဒီယာနဲ့ အစိုးရမီဒီယာတွေပေါ်ကနေ မဲဆွယ်စည်းရုံးရေးတစ်ဖြစ်လဲ ကိုဗစ်ကာကွယ်ရေးအတွက်ဆိုပြီး လက်ဆေးပြနေပေမယ့်လည်း လက်တွေ့မှာ ကိုဗစ်ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ထိရောက်တဲ့ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေဘာတစ်ခုမှ ချမှတ်ဆောင်ရွက်ခဲ့ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ NLD အစိုးရလက်ထက် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ထားမှုကို မြင်ရင်ဖျားသွားမယ်လို့ ပြည်သူကိုပြောခဲ့ပေမယ့် လက်တွေ့မှာတော့ အလှူရှင်တချို့ ဝင်ကူနေကြတာကလွဲလို့ ကြိုတင်ပြင်ဆင်ထားမှုက ဗလာနတ္ထိဖြစ်နေတာကို တွေ့ရပါတယ်။ ဒီလိုပြောလို့ ယခင် NLD အစိုးရကို အပြစ်ပုံချ ပြောဆိုလိုခြင်းမဟုတ်ဘဲ လက်တွေ့ဖြစ်ပေါ်နေရတဲ့အခြေအနေတွေရဲ့ အကြောင်းရင်းခံအချက်အနေနဲ့ ထောက်ပြရခြင်းဖြစ်ပါတယ်။

ယခု အောက်ဆီဂျင်အရေးပေါ်လိုအပ်ချက်ကိုကြည့်မယ်ဆိုရင် ယခင် NLD အစိုးရရဲ့ ကြိုတင်ပြင်ဆင်မှုပျက်ကွက်ခဲ့တာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ ကိုဗစ်ရောဂါစတင်ဖြစ်ပွားကတည်းက နောင်ဖြစ်လာနိုင်တဲ့ ကူးစက်နိုင်ခြေတွေကို ခန့်မှန်းတွက်ချက်ပြီး ပြည်သူတွေလိုအပ်လာနိုင်တဲ့ အောက်ဆီဂျင်ပမာဏကို ကြိုတင်တွက်ထုတ်ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ လိုအပ်တဲ့ စက်ရုံတွေတည်ဆောက်ဖို့၊ အရန်ထားရှိဖို့ ကြိုတင်ပြင်ဆင်ရမှာဖြစ်ပါတယ်။ လိုအပ်လာနိုင်တဲ့ ဆေးရုံ၊ ဆေးခန်း၊ Quarantine Center တွေကို လျာထားပြင်ဆင်ရမှာဖြစ်ပါတယ်။ NLD အစိုးရ ကြိုတင်ပြင်ဆင်ထားတဲ့ စီမံချက်နဲ့ဆောင်ရွက်ချက်မျိုး တစ်ခုမှမရှိခဲ့တဲ့အပြင် သူတို့အာဏာစွန့်လွှတ်ရချိန်မှာ CDM လှုံ့ဆော်ဆောင်ရွက်မှုတွေနဲ့အတူ ဆောင်ရွက်ပြင်ဆင်ထားတဲ့ ကိုဗစ်ကာကွယ်ရေးအခြေခံအဆောက်အအုံတွေ၊ အစီအမံတွေအားလုံးက ဆုံးခန်းတိုင်သွားခဲ့ရတာကို စိတ်မကောင်းဖွယ် မြင်တွေ့ရပါတယ်။

စာမျက်နှာ ၁၁ သို့ ✤

✤ စာမျက်နှာ ၁၀ မှ

အဓိကအချက်က ယခင် NLD အစိုးရအနေနဲ့ ကိုဗစ်ကပ်ရောဂါကို နိုင်ငံရေးအရ လက်နက်တစ်ခုအဖြစ် အသုံးချသွားပေမယ့် ရေရှည်မျှော်မှန်းချက်နဲ့ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေကို တစ်ခုမှ မဆောင်ရွက်ထားခဲ့ပါဘူး။ ပိုဆိုးတာက ကျန်းမာရေးဝန်ထမ်းအင်အားဖြည့်တင်းဖို့နဲ့ ကြိုတင်ပြင်ဆင်ဖို့ ပျက်ကွက်ခဲ့တာအပြင် ကိုဗစ်ရောဂါ ဖြစ်ပွားနေဆဲကာလကြီးမှာတောင် ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို CDM အမည်ခံ အလုံးစုံပျက်သုဉ်းရေး ဆောင်ရွက်ကြဖို့၊ ၎င်းတို့ရဲ့ကျင့်ဝတ်သိက္ခာတွေ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်ပြီး အလုပ်မဆင်းကြဖို့ တိုက်တွန်းခဲ့တာပါပဲ။ နောက်ထပ် ဖြစ်ပေါ်လာနိုင်တဲ့ ကပ်ရောဂါလှိုင်းတွေကို တွန်းလှန်နိုင်အောင် အထက်မှာ ပညာရှင်တွေ ထောက်ပြခဲ့တဲ့ အရေးအကြီးဆုံးအချက်ခြောက်ချက်ကို မဖြည့်ဆည်းခဲ့တဲ့အပြင် ရှိပြီးသား ဆောင်ရွက်ချက်တွေဟာလည်း ဖျက်ဆီးခံခဲ့ရသလို ဖြစ်ခဲ့ပါတယ်။ ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်းတွေဆိုတာက စစ်ဖြစ်နေချိန်မှာတောင် ရန်သူ/မိတ်ဆွေ မခွဲခြားဘဲကုသပေးရတဲ့၊ အလွန်မွန်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်ပါတယ်။ ပြည်သူတွေ အတိဒုက္ခရောက်မယ့်နည်းလမ်းကို NLD အစိုးရအနေနဲ့ ရည်ရွယ်ချက်ရှိရှိ ရွေးသွားသလားတောင် ထင်ရပါတယ်။ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့တော့ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေရသလို ကိုဗစ်ရောဂါ ထိန်းချုပ်နိုင်ရေးကိုလည်း တစ်ပြိုင်နက်တည်း လုပ်ဆောင်နေရတာကို တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ ယခင် NLD အစိုးရရဲ့ ကြိုတင်ပြင်ဆင်မှုမရှိခဲ့ခြင်းတွေ၊ ကျန်းမာရေးဝန်ထမ်း မလုံလောက်မှုတွေ၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ လုံခြုံရေးအရ အဘက်ဘက်က စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပေမယ့် တတိယလှိုင်းကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဇူလိုင်လ တစ်လအတွင်းမှာတင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်တဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ငါးကြိမ်ကျင်းပခဲ့တာကို တွေ့ရပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးတွေကို လေ့လာကြည့်တော့ မြေပြင်အခြေအနေနဲ့အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်တဲ့မူဝါဒတွေကို အလျင်အမြန်ချမှတ်ဆောင်ရွက်နေရုံမက နိုင်ငံတကာနဲ့လက်တွဲပူးပေါင်းဆောင်ရွက်ဖို့ မူဝါဒထားရှိတာကို တွေ့ရှိရပါတယ်။

ဒီလိုမူဝါဒချမှတ်တဲ့နေရာမှာ လက်ရှိမြေပြင်အခြေအနေကို မှန်ကန်စွာသုံးသပ်ပြီး ကာကွယ်ထိန်းချုပ်ရေးအပိုင်းအတွက် လိုအပ်တဲ့မြို့နယ်တွေကို Stay at Home ကြေညာခြင်း၊ ထုတ်ပြန်ချက်များ၊ အမိန့်များ အချိန်နဲ့တစ်ပြေးညီထုတ်ပြန်ခြင်း၊ အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးတွေ ကြန့်ကြာနေမှုကြောင့် တရုတ်နဲ့ရုရှားနိုင်ငံမှ ကာကွယ်ဆေးတွေ ချက်ချင်းဝယ်ယူထိုးနှံပေးခြင်း၊ မီဒီယာတွေကနေ အမြဲမပြတ် ပညာပေးအစီအစဉ်တွေ၊ သတိပေးမှုတွေ ဆောင်ရွက်စေခြင်း၊ ဒေသအလိုက် Volunteer တွေ အဖွဲ့အစည်းတွေကို အကူအညီတောင်းခံစေပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်းများကို တွေ့ရပါတယ်။

ထိန်းချုပ်ကုသရေးအပိုင်းအတွက် ကူးစက်နှုန်းမြင့်တက်နေတဲ့ ကမ္ဘာ့နိုင်ငံတွေမှာ ဆောင်ရွက်နေတဲ့အတိုင်း Quarantine စနစ်ပြောင်းလဲခြင်း၊ Quarantine စင်တာ၊ Community COVID Positive Center နဲ့ ကုသရေးစင်တာတွေ ချက်ချင်းတိုးချဲ့ဖွင့်လှစ်ခြင်း၊ မြေပြင်လိုအပ်ချက်နဲ့အညီ ကျန်းမာရေးဝန်ထမ်းတွေ ပြန်လည်နေရာချထားခြင်းနဲ့ ကန်ထရိုက်စနစ်ဖြင့် ဝန်ထမ်းခန့်အပ်ရန် ဆောင်ရွက်ခြင်း၊ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်တဲ့အထောက်အကူပြုပစ္စည်းနဲ့ ဆေးဝါးမှန်သမျှကို အလျင်အမြန်တင်သွင်းနိုင်အောင် မူဝါဒတွေဖြေလျှော့ဆောင်ရွက်ခြင်း၊ ယခုလက်ရှိ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် ရှိပြီးသားစက်ရုံတွေကို စွမ်းအားပြည့်လည်ပတ်နိုင်အောင်၊ ပိုမိုထုတ်လုပ်နိုင်အောင်ဆောင်ရွက်ခြင်းနဲ့ အောက်ဆီဂျင်စက်ရုံ အရေးပေါ်တည်ဆောက်ခြင်းများ၊ ပြင်ပမှ Liquid Oxygen တင်သွင်းမှုတွေ အထူးစီစဉ်ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်ကုသရေးဆေးရုံကြီးတွေမှာ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်နေခြင်း၊ ဝေးလံခေါင်ဖျားဒေသတွေကို တပ်မတော်လေယာဉ်တွေသုံးပြီး အောက်ဆီဂျင်နဲ့ပတ်သက်ပြီး လိုအပ်ချက်တွေ အချိန်နဲ့တစ်ပြေးညီ ပို့ဆောင်ပေးနေတာကို တွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာဆိုသော်လည်း လိုအင်ဆန္ဒပြည့်ဝဖို့ဆိုတာကတော့ အနည်းငယ် ခက်ခဲတာကိုတော့ ကိုယ်ချင်းစာမိပါတယ်။ ရောဂါ ဖြစ်ပွားမှုအခြေအနေပေါ် မူတည်ပြီး ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်အောင် ပြည်နယ်နဲ့တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတွေက သက်ဆိုင်ရာ စစ်တိုင်းမှူးတွေနဲ့ လက်တွဲညီညီ ပူးပေါင်းပြီး ဆောင်ရွက်နေတာကိုလည်း အားရဖွယ် တွေ့ရှိရပါတယ်။

ယခင် NLD အစိုးရလက်ထက်မှာ ဖွင့်လှစ်ထားခဲ့တဲ့ Quarantine Center နဲ့ ကုသရေးစင်တာတွေ အားလုံးနီးပါးက CDM ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကြောင့် ရပ်ဆိုင်းသွားခဲ့ရပြီး ဖြစ်ပါတယ်။ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာတော့ ယခင်ကအားနည်းခဲ့တဲ့ အထောက်အကူပြုပစ္စည်းတွေ၊ ဆေးကုသရေးစင်တာတွေ၊ ထိန်းချုပ်စောင့်ကြည့်ရေးစင်တာတွေကိုလည်း အချိန်တိုကာလအတွင်းမှာတင်ပဲ အမြောက်အမြားတိုးချဲ့ဖွင့်လှစ်ခဲ့တာကို တွေ့ရှိရပါတယ်။ **တပ်မတော်အနေနဲ့ ကိုဗစ်-၁၉ လူနာ လက်ခံကုသဖို့ နေရာ ၁၂၇၈ ခုနှင့် လူဦးရေ ၃၉၀၀၀ လက်ခံကုသနိုင်ဖို့ ပြင်ဆင်ထားရှိသလို အရပ်ဘက်အနေနဲ့လည်း ၁၄၅၃ နေရာမှာ လူဦးရေ ၇၁၅၀၀ လက်ခံနိုင်ဖို့ ပြင်ဆင်ထားရှိပြီးဖြစ်ပါတယ်။ Community COVID Positive Center တွေကို လိုအပ်ချက်ရှိသလောက် တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေတာတွေကိုလည်း နေ့စဉ်မြင်တွေ့ကြားသိနေရပါတယ်။**

အထူးသဖြင့် တတိယလှိုင်းမှာ လိုအပ်ချက်မြင့်မားနေတဲ့အောက်ဆီဂျင်ကိုလုံလုံလောက်လောက်ဖြန့်ပေးနိုင်ဖို့ ရှိပြီးသားစက်ရုံတွေ စွမ်းအားပြည့်လည်ပတ်နိုင်အောင် ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့တဲ့အပြင် စက်ရုံအသစ်တွေကိုလည်း တိုးချဲ့တည်ဆောက်လျက် ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ အောက်ဆီဂျင် (Liquid အပါအဝင်) ထုတ်လုပ်နိုင်တဲ့စက်ရုံပေါင်း ၁၄၄ ရုံ ရှိပြီး ၂၄ နာရီအတွင်းမှာ Oxygen လီတာပေါင်း ၁၂၇၈၉၇၀ နဲ့ Liquid Oxygen တန်ပေါင်း ၅၈ တန် ထုတ်လုပ်နိုင်အောင် ဇူလိုင်လအတွင်း စီမံဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။

အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှုမှာလည်း မူလတည်ဆောက်ပြီးစက်ရုံ ၁၁၉ ခု ရှိခဲ့ပေမယ့် CDM ကျန်းမာရေးဝန်ထမ်းတွေကြောင့် ပြည်သူ့ဆေးရုံတွေရှိ စက်ရုံတွေ ထုတ်လုပ်နိုင်ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် တတိယလှိုင်း ဖြစ်ပေါ်ချိန် အောက်ဆီဂျင်လိုအပ်ချက်မြင့်မားလာလို့ ရပ်ဆိုင်းထားတဲ့စက်ရုံတွေ အမြန်ပြန်လည်ထုတ်လုပ်နိုင်ရေးလုပ်ဆောင်ခဲ့သလို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ စက်ရုံအသစ် ၂၅ ခု ထပ်မံဆောက်လုပ်ခဲ့တာ မြင်တွေ့နေရပါတယ်။ ဒီလို စက်ရုံအသစ်တိုးချဲ့မှုတွေ၊ စက်မှုလုပ်ငန်းသုံး အောက်ဆီဂျင်စက်ရုံတွေ တိုးမြှင့်ထုတ်လုပ်မှုတွေ၊ ပြည်သူ့ဆေးရုံတွေက စက်ရုံတွေ စွမ်းအားပြည့် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်တာတွေအားလုံးကို တပ်မတော်နဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ပုဂ္ဂလိက စေတနာရှင်ပြည်သူတွေက ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။

ပြည်သူတွေလိုအပ်နေတဲ့ အောက်ဆီဂျင်လိုအပ်ချက်ကို ပြည့်မီအောင် ပြည်ပမှ စက်ပစ္စည်းဝယ်ယူတင်သွင်းမှုတွေလည်း ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းကန့်သတ်ချက်တွေကို ဖြေလျှော့ပြီး အလွယ်တကူမှာယူတင်သွင်းလို့ရအောင် လုပ်ပေးခဲ့ပါတယ်။ အောက်ဆီဂျင်နဲ့ပတ်သက်လို့ ပြည်ပမှ ပုဂ္ဂလိကတင်သွင်းမှုတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ခွင့်ပြုပေးနေပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေ ဇူလိုင်လကုန်အထိ **အောက်ဆီဂျင်အိုးပေါင်း (ဆိုဒ်စုံ) ၃၂၀၇၂ လုံး၊ Liquid Oxygen ပေါင်း ၁၀၁၉၀ မက်ထရစ်တန်၊ Oxygen Concentrator ပေါင်း ၁၁၃၇၀၅ လုံး၊ Oxygen Plant ပေါင်း ၁၃ ခု၊ Oxygen Regulator ပေါင်း ၂၆၇၃၅ ခုနဲ့ Oxygen Generator ပေါင်း ၄၆ လုံး** တင်သွင်းခဲ့တယ်လို့ သတင်းတွေမှာ တွေ့ရသလို နေ့စဉ် တင်သွင်းမှုတွေ၊ အလှူရှင်တွေနဲ့ လှူဒါန်းမှုတွေကလည်း အားရစရာပဲ ဖြစ်ပါတယ်။

အောက်ဆီဂျင်လိုအပ်ချက်အတွက် အစိုးရက ပြည်တွင်းထုတ်လုပ်မှုတွေ တိုးမြှင့်ခဲ့ပြီး ပြည်ပကနေ တင်သွင်းခွင့်တွေ ကန့်သတ်ချက်မရှိ ခွင့်ပြုပေးနေသလို တပ်မတော်နဲ့ စေတနာရှင်ပြည်သူတွေက အောက်ဆီဂျင်နဲ့ ကုသရေးပစ္စည်းတွေကို သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးလျက်ရှိပါတယ်။

ဇူလိုင်လ ၁ ရက်နေ့ကနေ ဇူလိုင်လကုန်အထိ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးက တပ်မတော်သားတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံတွေ၊ တပ်မတော်ဆေးရုံတွေ၊ ကိုဗစ်စင်တာတွေ၊ ကျန်းမာရေးဌာနတွေ၊ ပရဟိတအသင်းတွေကို အောက်ဆီဂျင်အိုး ၇၁၇၀၊ နှာခေါင်းစည်း ၃၇၄၀၃၂ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (PPE) ဝတ်စုံ ၂၀၂၀ နဲ့ အခြားသောရောဂါကာကွယ်ရေးပစ္စည်းတွေ၊ ဆေးပစ္စည်းတွေ၊ စက်သုံးဆီတွေ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာတွေနဲ့ အလှူငွေတွေ ပေးအပ်လှူဒါန်းခဲ့ကြတာကို တွေ့ရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက စေတနာရှင်မိဘပြည်သူတွေကလည်း အောက်ဆီဂျင်အိုး အလုံး ၂၄၃၀၊ အခြားရောဂါကာကွယ်ရေးပစ္စည်းတွေနဲ့ အလှူငွေတွေ ပေးအပ်လှူဒါန်းခဲ့ကြတာကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်ရပါတယ်။ ပြည်သူလူထုကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှုက အားရကျေနပ်ဖွယ်ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ နိုင်ငံတကာကူညီမှုလျော့နည်းနေချိန်၊ ရောဂါပိုးရဲ့သဘာဝကြောင့် ကူးစက်နှုန်းမြင့်တက်လာချိန်နဲ့ ယခင်အစိုးရရဲ့ ကြိုတင်ပြင်ဆင်မှုအားနည်းချက်တွေ အပေါ်မှာ အကောင်းဆုံး ဖြေရှင်းဆောင်ရွက်နေရတာကိုလည်း ပြည်သူတစ်ယောက်အနေနဲ့ ကိုယ်ချင်းစာမိပါတယ်။

အနှစ်ချုပ်လိုက်ရင်တော့ ပထမလှိုင်း၊ ဒုတိယလှိုင်းတွေမှာ ပြည်သူလူထုကျန်းမာရေးသတိရေချိန်မြင့်နေချိန်၊ အဖျက်အမှောင့်သမားတွေမရှိဘဲ ရောဂါပိုးရဲ့ သဘောသဘာဝအရ ကူးစက်နှုန်းမမြင့်သေးတဲ့အချိန်ဖြစ်ပါတယ်။ ယခုတတိယလှိုင်းမှာတော့ ဒီအချက်တွေအားလုံး အနုတ်လက္ခဏာနဲ့ ရင်ဆိုင်နေရတဲ့အပြင် ပထမနဲ့ဒုတိယလှိုင်းကာလတွေကတည်းက NLD အစိုးရရဲ့ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်မှုပျက်ကွက်ခဲ့တာတွေကို လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ အရေးပေါ်ကုစားဖြေရှင်းနေရတယ်ဆိုတာကို ထင်ထင်ရှားရှားမြင်တွေ့နေရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့တော့ ပြည်တွင်း/ ပြည်ပ နိုင်ငံရေးပယောဂတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေနဲ့ စိန်ခေါ်မှုတွေ အမျိုးမျိုးကြုံတွေ့နေရတဲ့အချိန်မှာ ကိုဗစ်တတိယလှိုင်းကို တွန်းလှန်ကျော်လွှားဖို့ အစွမ်းကုန်ကြိုးစားနေတယ်လို့ ပြည်သူတစ်ယောက်အနေနဲ့ ယုံကြည်ပါတယ်။ အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ကိုဗစ်လှိုင်းတွေနဲ့ အခြားကပ်ရောဂါတွေကိုလည်း အထက်မှာ ဖော်ပြခဲ့သလို ကမ္ဘာ့ပညာရှင်တွေ အကြံပြုထားတဲ့ ကြိုတင်ပြင်ဆင်ရမယ့် မူဝါဒခြောက်ချက်နဲ့အညီ ပြင်ဆင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ပေးလိုက်ရပါတယ်။ ။

Ref: “The next pandemic could be even worse”, opinion by Jamie Metzl, Andrew Hessel and Hansa Bhargava. (https:// edition.cnn.com/2020/04/29/ opinions/ military-approach-coronavirus-opinion-metzl-hessel-bhargava/ index. html)

ဒီလိုမူဝါဒချမှတ်တဲ့နေရာမှာ လက်ရှိမြေပြင်အခြေအနေကို မှန်ကန်စွာ သုံးသပ်ပြီး ကာကွယ်ထိန်းချုပ်ရေးအပိုင်းအတွက် လိုအပ်တဲ့မြို့နယ်တွေကို Stay at Home ကြေညာခြင်း၊ ထုတ်ပြန်ချက်များ၊ အမိန့်များ အချိန်နဲ့ တစ်ပြေးညီထုတ်ပြန်ခြင်း၊ အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးတွေ ကြန့်ကြာနေမှု ကြောင့် တရုတ်နဲ့ရုရှားနိုင်ငံမှ ကာကွယ်ဆေးတွေ ချက်ချင်းဝယ်ယူထိုးနှံပေးခြင်း၊ မီဒီယာတွေကနေ အမြဲမပြတ်ပညာပေးအစီအစဉ်တွေ၊ သတိပေးမှုတွေ ဆောင်ရွက်စေခြင်း၊ ဒေသအလိုက် Volunteer တွေ၊ အဖွဲ့အစည်းတွေကို အကူအညီတောင်းခံစေပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်းများကို တွေ့ရ ပါတယ်

ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၂၉ ဦးရှိ

ဟနွိုင်း သြဂုတ် ၃

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၂၉ ဦးထပ်မံတွေ့ရှိကြောင်း၊ ယင်းတို့အနက် ၈၃၇၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၅၂ ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၀၁၉၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၇၁ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ သြဂုတ် ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၈၆၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၅၀၈၃၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ခုနစ်သန်း အသုံးပြုပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းလျှင် ၂၆၅ ဦးနှုန်း သေဆုံး

ရီးယိုဒီဂျနေးရိုး သြဂုတ် ၃

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းလျှင် ၂၆၅ ဦးနှုန်း သေဆုံးကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာ့နိုင်ငံများအနက် ဒုတိယအများဆုံး နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နောက်တွင် တတိယ အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၅၇၂၂၃ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၁၄၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၉၅၃၅၀၁ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၁၀၀ ဒသမ ၈ သန်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၄၁ ဒသမ ၄ သန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၃၃ သန်းကျော်ရှိလာ

မော်စကို သြဂုတ် ၃

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၀၁၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၃၃၄၁၉၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက သြဂုတ် ၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၈၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၀၉၂၅ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၈၉၆၃ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၆၅၉၇၄၆ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၅၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၅၁၃၈၉၂ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ခံရသည့်အချိန်မှ စတင်ကာ လက်ရှိအချိန်အထိ နိုင်ငံအတွင်းရှိ ပြည်သူ ၁၆၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိစမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၉၇၈ ဦး ထပ်မံတွေ့ရှိ

အန်ကာရာ သြဂုတ် ၃

တူရကီနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၉၇၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၇၀၈၃၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၅၁၅၁၉ ဦးရှိလာပြီး ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၅၄၆၅၈၄၆ ဦးရှိလာသည်။

ယမန်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှု ၂၇၀၄၂၆ ကြိမ်ကို ဆောင်ရွက်နိုင်ခဲ့သည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သော Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တာဝန်ရှိသူများက အတည်ပြုခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်း ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၄၁ ဒသမ ၁၄ သန်းကျော်၊ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၂၇ ဒသမ ၆၂ သန်းကျော်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းမျိုးရပ်စ် ကူးစက်ခံရသူ ၂၆၅ ဦးရှိလာ

ဖနောင်ပင် သြဂုတ် ၃

ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့တွင် ဒယ်လ်တာဗီဇပြောင်းမိုင်းရပ်စ် ကူးစက်ခံရသူ ၄၂ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း အဆိုပါ ဗီဇပြောင်းမိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၆၅ ဦး ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒိုင်းက ယနေ့ပြောကြားသည်။

၎င်းဗိုင်းရပ်စ် ထပ်မံတွေ့ရှိသူများအနက် ဖနောင်ပင်မြို့တော်တွင် ၄ဦး၊ ဆီရန်ရိပြည်နယ်တွင် ၁၈ ဦး၊ အော်ဒါမန်ချေပြည်နယ်တွင် ၁၅ ဦးနှင့် ကန်ပေါင်သွန်ပြည်နယ်တွင် လေးဦးတို့ကို အသီးသီးတွေ့ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ မိမိတို့ပတ်ဝန်းကျင်တွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်သည် ပျံ့နှံ့လျက်ရှိပြီး ၎င်းဗိုင်းရပ်စ် အမျိုးအစားသည် မူလဗိုင်းရပ်စ်များထက် ကူးစက်မှုနှုန်းမြန်ဆန်ကြောင်း အော်ဗန်ဒိုင်းက ပြောကြားသည်။

ဖနောင်ပင် မြို့တော်နှင့် ပြည်နယ် ကိုးခုတွင် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ် ပျံ့နှံ့နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်ရန်အတွက် ကိုဗစ်-၁၉ ဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်မှုခံယူနေသူများ အနေဖြင့် ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာကြရန် အော်ဗန်ဒိုင်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဂျပန်နိုင်ငံက ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးပို့မည်

တိုကျို ဩဂုတ် ၃

ဂျပန်နိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုတိုက်ဖျက်ရာတွင် အကူအညီပေးရန်အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိသည့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ ဆေးဘက်ဆိုင်ရာပစ္စည်းများပေးပို့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် ထိုင်းနိုင်ငံသို့ အသက်ရှူအထောက်အကူပြုကိရိယာ ၇၇၅ ခု ပေးပို့မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီက ဩဂုတ် ၃ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။ ထို့ပြင် ဂျပန်နိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ခြောက်သိန်းအပါအဝင် အသက်ရှူအထောက်အကူပြုကိရိယာ ၁၀၀ ကို လာအို နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်းလည်း သိရသည်။

ဂျပန်နိုင်ငံသည် ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လိုအပ်လျက်ရှိသည့် နိုင်ငံများအား အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ အသက်ရှူအထောက်အကူပြုကိရိယာများကို ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံနှင့် အခြားသောနိုင်ငံများသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အခမဲ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၀၅ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဩဂုတ် ၃

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၀၅ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၃၂၉၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခုတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၇ ဦးမှာပြည်ပမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၇၀၆၈ ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟာစ်ရှမ် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၉၅ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၅၉၈ ဦးရှိလာပြီး ရောဂါမှ ပြန်လည်သက်သာလာသူ ၁၂၂၈၇ ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါမှ ပြန်လည်သက်သာလာသူ စုစုပေါင်း ၉၅၀၀၂၉ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ ရောဂါဖြင့်တက်ရောက်ကုသနေသူ ၁၀၆၆ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆ ဒသမ ၇၅ သန်းကျော်ရှိလာ

အဒစ်အာဘာဘာ ဩဂုတ် ၃

အာဖရိကတိုက်၌ ဩဂုတ် ၂ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၇၅၅၁၈၂ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၁၁၈၇ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၈၁၂၃၃၅ ဦးရှိကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။ အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

အိုင်ယာလန်နိုင်ငံက ဆယ်ကျော်သက်အရွယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်

ဒပ်ဘလင် ဩဂုတ် ၃

အိုင်ယာလန်နိုင်ငံသည် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြားအရွယ်ရှိသည့် ဆယ်ကျော်သက်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း အိုင်ယာလန်ကျန်းမာရေး ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိုင်ယာလန်နိုင်ငံ၌ အဆိုပါ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ကလေးငယ်အရေအတွက်သည် ခန့်မှန်းခြေအားဖြင့် ၂၈၀၀၀၀ ရှိကြောင်းနှင့် ယင်းဆယ်ကျော်သက်အရွယ်များအား ယခုလမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၏ အမှုဆောင်ချုပ် ရာအားလ်ရီးဒ်က ပြောကြားသည်။

အဆိုပါ ဆယ်ကျော်သက်အရွယ်များအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုထိုးနှံရန် အကြံပြုထားကြောင်းလည်း အိုင်ယာလန်နိုင်ငံ အမျိုးသားကာကွယ်ဆေးထိုးနှံရေးကော်မတီဥက္ကဋ္ဌ ကာရီနာဘတ်လာက ပြောကြားသည်။

အိုင်ယာလန်နိုင်ငံ၌ လက်ရှိတွင် အရွယ်ရောက်ပြီးသူများအနက်မှ ၇၂ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်ကြောင်း အိုင်ယာလန်ဝန်ကြီးချုပ် မာတင်က တွစ်တာစာမျက်နှာမှတစ်ဆင့် ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၇၉ ဦး ထပ်မံတွေ့ရှိ

မနီလာ ဩဂုတ် ၃

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၇၉ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၁၂၅၆၃ ဦးရှိလာကြောင်း သိရသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၈ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၁၄၃ ဦးရှိလာသည်။ လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ လူပေါင်း ၁၆ သန်း နီးပါးအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးခဲ့ပြီးဖြစ်သည်။ နိုင်ငံအတွင်းကူးစက်မှုမြန်ဆန်သော ဒယ်လ်တာ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် အစိုးရက ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း လူအစုလိုက် အပြုံလိုက် ဒယ်လ်တာ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရမှုများ တွေ့ရှိနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ရာဘင်ဒရာအဘိရက်ဆင်ဂီက ပြောကြားသည်။ မြို့တော်မနီလာအနီးဝန်းကျင်ရှိ မြို့များနှင့် နိုင်ငံ၏ဒေသအများအပြားတွင်လည်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိနေရကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်တွင် ဒယ်လ်တာ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၆ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၉၉၇၆၄၀၅၇ ဦး

သေဆုံးသူ
၄၂၂၂၅၉၁ ဦး

ပြန်လည်ကျန်းမာလာသူ
၁၈၀၂၁၃၉၇၁ ဦး

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မြို့တော်ခန်းမရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေသည့်နေရာ၌ ဆန်ကောလောက်ပင်ဇောက်မနက်သည့် အကြံပက်စက်သူများက မိုင်းထောင်ဖောက်ခွဲ၍ အကြမ်းဖက်မှုလုပ်ဆောင်

ရဲဒုတပ်ကြပ် အောင်မျိုး (ဒဏ်ရာရ)

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်မှ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအား ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ရေးလုပ်ငန်းများတွင် အရေးအကြီးဆုံးဖြစ်သည့် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းအား နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ပြည်သူလူထု၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရေး ဆောင်ရွက်ပေးနေမှုအပေါ် အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့ကို ထောက်ခံသည့် အစွန်းရောက်များက ဆန်ကောလောက်ပင်ဇောက်မနက်သည့်အကြံအစည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်း ဆောင်ရွက်မှုများကို ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများကို ဦးတည်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ဦးတည်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ညောင်ကုန်း(၄)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးနေစဉ် မြို့တော်ခန်းမရှေ့ ဝင်ပေါက်ဘယ်ဘက်ခြမ်းရှိ Flower Box အတွင်းမှ အစွန်းရောက်အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ် Remote မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ မြို့တော်ခန်းမအတွင်း ကာကွယ်ဆေး ထိုးနှံနေမှုအား လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် ရဲတပ်သား ထွန်းလင်းဇော်တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိကျဆုံးခဲ့ပြီး ရဲတပ်သားအောင်လွင်ဖြိုးနှင့် ရဲဒုတပ်ကြပ်အောင်မျိုးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဖယ်ခုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် ရဲတပ်သားအောင်လွင်ဖြိုးသည် ရရှိသောဒဏ်ရာများဖြင့် ထပ်မံကျဆုံးခဲ့သည်။ အလားတူ အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ကာကွယ်ဆေးလာရောက်ထိုးနှံလျက်ရှိသည့် ဒေါ်မူရိန်း(ဘ) ဦးတွက်နှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် လာရောက်ကူညီဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်း ဦးနန္ဒဝေယံ(ဘ) ဦးမြင့်ဝင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဖယ်ခုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုကို ပစ်မှတ်ထား၍ အကြမ်းဖက်ဗုံးဖောက်ခွဲသူအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ်အကြမ်းဖက်သမား၏ သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ ကူညီကြပါရန် မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကော့သောင်းနှင့် နောင်ချိုမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်းသွယ်နေ စိုးမြတ်လှိုင်(ခ)ဘုသီး၏ နေအိမ်သို့သတင်းအရ ဝင်ရောက်ရှာဖွေရာ စိုးမြတ်လှိုင်(ခ) ဘုသီးနှင့်အတူ မြင့်ဇော်ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၃၁ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် နောင်ချိုမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် နောင်ချိုကြီးကျေးရွာနေ ဝင်းမောင်၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်

စိုးမြတ်လှိုင်(ခ) ဘုသီး၊ မြင့်ဇော်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀	မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀	နံနက်ခင်းသတင်း
၀၈:၃၅	ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
၀၉:၂၅	သူတို့ဒေသသူတို့ဘဝ
၁၀:၀၀	သတင်းထဲကသတင်း
၁၁:၂၀	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၄၅	ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
၁၃:၃၀	MRTV National News
၁၅:၀၀	Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**သမိုင်းဘာသာရပ်**'
၁၇:၀၅	ရှန်းကန်လှုပ်ရှားဘဝများ
၁၇:၂၀	အာဆီယံအမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း
၁၇:၃၅	MRTV Travelogue
၁၈:၀၀	ပြည်တွင်းသတင်း
၁၈:၂၀	ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
၁၉:၂၅	နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားဒေါ်ဆောင်ရာ**' (အပိုင်း-၁၇)
၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀	ဝသာန်ဒါဝီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
၂၁:၂၀	နိုင်ငံခြားဇာတ်လမ်းတွဲ '**အိမ်ထောင်ရေးပညတ်ချက်များ**' (အပိုင်း-၁၅)

mitv

07:01	News
07:27	Discovering Tribes "Rvwang" Their Life and Customs (Part-1)
07:52	Myanmar Puppet
08:01	Innovative Handiworks Based On The Art Of Line Drawing
08:20	Farming: Duck Breeder
08:30	Gold from Garbage
08:42	Myanmar Masterclass: Artist Than Kywe
08:53	School for the Blind
09:01	Myanmar Traditional Food: Mohinga
09:21	The Golden Triangle
09:35	Chef Life - Thanakrit Chamnongbutr
09:48	Well-trained Elephants
10:22	Myanmar Weaving
10:34	Diary of a Fisherman

MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
ကယာမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
တံငါသည်တို့ရဲ့ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝ

အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
ကရင်စာပေစကားပြောကြပါစို့(အပိုင်း-၂)

အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးဓလေ့

ချင်း (လိုင်းစိုး) (၁၁:၀၀ မှ ၁၂:၀၀)
ပြောင်းဖူးခြောက်ပြုတ်နည်း

ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
မဒါးအိမ်နူးသို့အလည်တစ်ခေါက်

မွန် (၁၃:၀၀ မှ ၁၅:၀၀)
မွန်ယဉ်ကျေးမှုပြတိုက်

ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၁)

ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)
လွယ်ပြားရွာကစိုင်းစံမိန်း

ဝ (၁၉:၀၀ မှ ၂၁:၀၀)
နေကြာစိုက်ပျိုးခြင်း(အပိုင်း-၂)

ကချင် (၂၁:၀၀ မှ ၂၃:၀၀)
ဒေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

MRTV PARLIAMENT

၀၉:၀၀	အဖွင့်၊အလံ
၁၀:၀၀	ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀	ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
၁၁:၀၀	ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အဝယ်မလောနဲ့**'
၁၁:၃၀	ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

MRTV SPORTS

၀၆:၀၀	အဖွင့်
၀၆:၃၀	အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀	Sports News
၀၇:၃၀	Soccer View/ Weekly Sports Info
၀၇:၄၅	အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀	ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀	ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူပါ၊ ရှောင်ကြဉ်ရန် အချက် (၃) ချက်ကို လိုက်နာပါ။ မိမိကိုယ်တိုင်နဲ့ အခြားသူတွေကိုပါ COVID-19 မှ ကင်းဝေးအောင် နေထိုင်ပြုမူပါ။

(၁) လူအစုအဝေးကို ရှောင်ရှားပါ။

(၂) လူအများနဲ့အနီးကပ်ပြောဆိုဆက်ဆံတာကို ရှောင်ရှားပါ။

(၃) လူအများအပြားရှိတဲ့ အလုံပိတ်နေရာတွေနဲ့ လေဝင်လေထွက်ကောင်းစွာမရတဲ့နေရာတွေကို သွားရောက်တာ ရှောင်ရှားပါ။

ရောဂါကူးစက်မှုကို လျော့ချနိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ရတဲ့ အရာမဟုတ်ပါဘူး။ အားလုံးညီတူ ဆောင်ရွက်မှသာ အောင်မြင်မှာ ဖြစ်ပါတယ်။ COVID ကို အတူတကွတိုက်ထုတ်ကြပါစို့။

မိမိကိုယ်တိုင်က ရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်။

ရောဂါပိုးဖြန့်ဖြူးမိတဲ့သူမဖြစ်ပါစေနဲ့။ စည်းကမ်းတွေကို လိုက်နာတာက သင်ကိုယ်တိုင်အပြင် အခြားသူများကိုလည်း ရောဂါကူးစက်မယ့် အန္တရာယ်ကနေ ကာကွယ်ပြီးသားဖြစ်မှာပါ။ သင့်မှာ COVID-19 ရောဂါလက္ခဏာတွေ ရှိနေတယ်ဆိုရင် အခြားသူတွေ မကူးစက်အောင် အိမ်မှာပဲ တတ်နိုင်သမျှနေပါ။ ကိုဗစ်ကို အတူတိုက်ထုတ်ကြပါစို့။

ဆေးလိပ်သောက်သုံးမှုနှင့် ကိုဗစ်-၁၉ အန္တရာယ်

ပေါက်ပေါက်

ဆေးရွက်ပင်ရာဇဝင်

ဆေးရွက်ကို တောင်အမေရိကတိုက်တွင် ဘီစီ ၆၀၀၀ ခန့်က စတင်စိုက်ပျိုးပြီး ဆေးရွက်အသုံးပြုခြင်းကို ဘီစီ ၅၀၀၀ ခန့်တွင် စသုံးလာကြသည်။ ဥရောပတိုက်တွင် ခရစ္စတိုဖာကိုလံဘတ်စ်က တောင်အမေရိကတိုက်နှင့် ဆေးရွက်ပင်တို့ကို အေဒီ ၁၅ ရာစုတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ဦးစွာပထမ ဆေးရွက်ပင်စိုက်ပျိုးခြင်းကို အေဒီ ၁၅၃၁ တွင် စတင်စိုက်ပျိုးခဲ့သည်။ ကမ္ဘာပေါ်တွင် ပထမဦးဆုံး ဆေးလိပ်သောက်သူမှာ ပြင်သစ်နိုင်ငံသား Jean Nicot ဖြစ်ပြီး ထိုကာလမှာ အေဒီ ၁၅၆၀ ပြည့်နှစ်ဖြစ်ကြောင်း သိရသည်။ သူ့အမည်ကို အစွဲပြု၍ ဆေးလိပ်ငွေ့ထဲတွင် လူကိုစွဲလမ်းစေတတ်သော Adict (ခေါ်) ပါဝင်ဓာတ်ပစ္စည်းတစ်မျိုးကို "Nicotine" ဟု အမည်ပေးခဲ့ကြသည်။

ဆေးလိပ်၏ဆိုးကျိုးများ

ဆေးလိပ်ငွေ့ထဲတွင် ဆေးလိပ်ကို စွဲလမ်းစေနိုင်သော နီကိုတင်းအပြင် အခြားဓာတ်ပစ္စည်း ၇၀၀၀ ခန့်ပါရှိသည်။ ထိုပါဝင်ဓာတ်ပစ္စည်းအချို့က အသက်ရှူလမ်းကြောင်း (လေပြွန်ချောင်းများ)၊ Cilia (ခေါ်) အသက်ရှူလမ်းကြောင်းတစ်လျှောက် မလိုလားအပ်သည်များကို ရှင်းလင်းဖယ်ရှားပေးသည့် အမွေးအမင်များ၊ Alveoli (ခေါ်) လေကို ခေတ္တသိုလှောင်ပေးသည့် လေအိတ်ငယ်လေးများ၊ အဆုတ်ထဲရှိ Macrophage သွေးဥများကို ပျက်စီးစေခြင်း၊ ၎င်းတို့၏လုပ်ငန်းကို ဟန့်တားနှောင့်ယှက်ခြင်းတို့ကြောင့် အဆုတ်အတွင်း ရောဂါပိုးဝင်ခြင်း၊ တီဘီရောဂါ အပါအဝင် ပန်းနာရင်ကျပ်ဖြစ်စေခြင်း၊ နာတာရှည် လေပြွန်ချောင်းရောင်ခြင်း၊ အဆုတ်လေအိတ်လေးများ ပျက်စီးပြီး အဆုတ်ပွဖောင်းလာခြင်းကြောင့် နာတာရှည် အသက်ရှူလမ်းကြောင်း ပိတ်/ကျဉ်း ရောဂါဖြစ်ခြင်းနှင့် ၆၉ မျိုးသော ဓာတ်ပစ္စည်းများကြောင့် အဆုတ်ကင်ဆာ အပါအဝင် ကင်ဆာရောဂါများဖြစ်ခြင်း စသည့်ဆိုးကျိုးတွေ ပေးနိုင်သည်။

အီးစီးကရက်၏ ဘေးထွက်ဆိုးကျိုးများ

ဆေးလိပ်ဖြတ်ချင်သူများ၊ ဆေးရွက်ကြီးနှင့် ဖန်တီးထားသော ဆေးလိပ်မသောက်ချင်သူများကို ရည်ရွယ်ကာ အီးစီးကရက် (E-cigarette) သည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကစ၍ ဈေးကွက်အတွင်း နေရာယူခဲ့သည်။ ၎င်းစီးကရက်ကို တခြားနိုင်ငံများတွင် Vaporizer ဟု လူသိများသည်။ ဘက်ထရီအားကိုသုံးပြီး နီကိုတင်း၊ အမွှေးရနံ့နှင့် ပါဝင်ဆေးရည်တွေကို အငွေ့(ဆေးလိပ်မီးခိုး)အဖြစ် ရှူရှိုက်ခြင်းဖြစ်သည်။ ဦးနှောက်အတွင်း စွဲလမ်းမှုဟော်မုန်း Dopamine ကို အီးစီးကရက်က ထုတ်လွှတ်ပေးပြီး စွဲလမ်းသောခံစားမှုဖြစ်စေသည်။ ထို့ကြောင့်



ဆေးလိပ်ကဲ့သို့ပင် စွဲလမ်းဟော်မုန်းထုတ်လုပ်မှုတူညီပြီး အီးစီးကရက်သုံးခြင်းကြောင့် ခေါင်းကိုက်၊ အော့အန်၊ မူးဝေ၊ စိတ်ဂနာမငြိမ်ဖြစ်စေခြင်း၊ မျက်လုံးနှင့် အသက်ရှူလမ်းကြောင်း အားနည်းစေခြင်း၊ နှလုံးနှင့် သရက်ရွက်တို့ကို ထိခိုက်ခြင်းများအပြင် ကင်ဆာရောဂါများလည်း ဖြစ်စေနိုင်သည်။ အီးစီးကရက်ထဲရှိ Lithiumion အသေးစားဘက်ထရီကို ဗို့အားအချိန်ကြာကြာ သွင်းမိခြင်းနှင့် ဆေးလိပ်ထဲ အပူများများ သောက်မိခြင်းများကြောင့်လည်း ပေါက်ကွဲမှုဖြစ်စေသည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဆေးလိပ်ကို စွဲလမ်းစွာသောက်ခြင်းက ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်ကြောင်း၊ ဆယ်ကျော်သက်နှင့် သက်လတ်ပိုင်းအရွယ်ကတည်းကစ၍ ဆေးလိပ်သောက်သုံးသူများသည် ဆေးလိပ် (လုံး၀) မသောက်သူထက် အသက် ၂၄ နှစ် ပိုတိုနိုင်ကြောင်း၊ ဆေးလိပ်ငွေ့သည် ကာဗွန်မိုနောက်ဆိုက်ဖြစ်ပြီး ၎င်းသည် အဆိပ်ငွေ့ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်ကြောင့် သေဆုံးသူဦးရေသည် တစ်နှစ်လျှင် လေးသန်းကျော်ခန့်ရှိကြောင်း၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကလည်း ဆေးလိပ်ကိုယ်တိုင်သောက်သကဲ့သို့ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း စသည့် ဆိုးကျိုးများကြောင့် ကျန်းမာရေးသုတေသီများက မကြာခဏဆိုသလို အသိပညာပေး နှိုးဆော်လျက်ရှိသည်။ ယနေ့ကမ္ဘာတွင် ခြောက်စက္ကန့်တိုင်းမှာ လူတစ်ဦးနှုန်း ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကြောင့် သေဆုံးနေကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုလျော့ကျရန် အခွန်တိုးမြှင့်ခြင်းနှင့်အတူ အသိပညာပေးလုပ်ငန်းများကိုလည်း မီဒီယာဘက်ပေါင်းစုံဖြင့် နှိုးဆော်မှုများပြုလုပ်နေကြသည်။

ဆေးလိပ်ကို စွဲလမ်းစွာသောက်ခြင်းက ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်ကြောင်း၊ ဆယ်ကျော်သက်နှင့် သက်လတ်ပိုင်းအရွယ်ကတည်းကစ၍ ဆေးလိပ်သောက်သုံးသူများသည် ဆေးလိပ် (လုံး၀) မသောက်သူထက် အသက် ၂၄ နှစ် ပိုတိုနိုင်ကြောင်း၊ ဆေးလိပ်ငွေ့သည် ကာဗွန်မိုနောက်ဆိုက်ဖြစ်ပြီး ၎င်းသည် အဆိပ်ငွေ့ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်ကြောင့် သေဆုံးသူ ဦးရေသည် တစ်နှစ်လျှင် လေးသန်းကျော်ခန့်ရှိကြောင်း၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကလည်း ဆေးလိပ်ကိုယ်တိုင် သောက်သကဲ့သို့ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်

ဆေးလိပ်နှင့် တီဘီ

ကမ္ဘာ့တီဘီရောဂါဖြစ်သူများ၏ ၄၅-၈၅ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများဖြစ်ပြီး ဆေးလိပ်သောက်သူများသည် မသောက်သူများထက် တီဘီရောဂါဖြစ်နိုင်ခြေအလားအလာ ၂ ဒသမ ၆ ဆ မြင့်မားခြင်း၊ ဆေးလိပ်ကြောင့် လူများတွင် တီဘီကူးစက်မှု၊ ရောဂါဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုမြင့်မားခြင်းတို့ ရင်ဆိုင်နေကြရသည်။

ဆေးလိပ်ငွေ့ရှူမိခြင်း

ဆေးလိပ်ကိုယ်တိုင် မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူကို second hand smoke (second smoker) ဟု ခေါ်သည်။ အိမ်သာ(Toilet) ထဲတွင်လည်းကောင်း၊ အိမ်ခန်းအတွင်းမှာသော်လည်းကောင်း ဆေးလိပ်သောက်သူတစ်ဦးရှိနေပါက ဆေးလိပ်ငွေ့သည် လေထဲတွင် ငါးနာရီခန့်ကြာသည်အထိ ပျံ့လွင့်နေတတ်သည်။ ထိုအငွေ့ကို ကျန်မိသားစုများက second smoker အဖြစ် ရှူရှိုက်ကြရသည်။ လေ့လာမှုမှတ်တမ်းများအရ ယနေ့ကမ္ဘာတွင် တစ်နှစ်လျှင် လူဦးရေ ခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် စောစီးစွာ သေဆုံးနေရပြီး ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူမိသူ (second smoker)မှာ ၁၀ ရာခိုင်နှုန်း (လူဦးရေ ခြောက်သိန်း)ခန့် သေဆုံးနေကြရသည်။ ထိုနှုန်းအတိုင်း ဆက်ဖြစ်နေပါက ၂၁ ရာစုနှစ်အတွင်း ဆေးလိပ်ကြောင့် လူသန်းတစ်ထောင် သေဆုံးမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် ဆေးလိပ်အန္တရာယ်

ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် second smoker အဖြစ် နီကိုတင်းဓာတ်ကို မကြာခဏ ရှူရှိုက်မိ၍ဖြစ်စေ မိခင်ရော သန္ဓေသားပါ အောက်ပါဆိုးကျိုးများကို ခံစားရနိုင်သည်။ ကိုယ်ဝန်ပျက်ကျခြင်း (သို့မဟုတ်) သန္ဓေသားဘဝကပင် သေဆုံးခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ မွေးစကလေး ပေါင်ချိန်မပြည့်ခြင်း၊ သန္ဓေသားဘဝကတည်းက အဆုတ်ကြီးထွားမှုနှင့် အဆုတ်၏လုပ်ငန်းများ နှေးကွေးကျဆင်းခြင်း၊ မီးတွင်းကာလ ကလေးတွင် အဆုတ်ပိုးဝင်ရောက်ခြင်း၊ အဆုတ်ရောင်ခြင်း၊ ရုတ်တရက် ကလေးသေဆုံးမှုရောဂါစု (Sudden Infant Death Syndrome – SIDS)နှင့် ကလေးသူငယ်ဘဝမှာ အဆုတ်ရောင်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ရောဂါမကြာခဏဖြစ်ခြင်း၊ မီးတွင်းကလေးသေဆုံးနှုန်းမှာ ဆေးလိပ်မသောက်သော မိခင်ထက် ၁၅ ရာခိုင်နှုန်းများနေခြင်း၊ လူသားဖြစ်လာပြီးနောက် ကလေးဘဝ၊ လူငယ်၊ လူကြီးဘဝမှစ၍ လူ့သက်တမ်းမှာလည်း ဆေးလိပ်လုံးဝမသောက်သူ မိခင်မှမွေးဖွားလာသောသူများထက် အသက် ၁၀ – ၁၈ နှစ် ပိုတိုခြင်း စသည့်ဆိုးကျိုးများစွာကို ရင်ဆိုင်ရနိုင်သည်။

နီကိုတင်းဓာတ်ဟာ လူကို စွဲလမ်းစေတတ်သော ဂုဏ်သတ္တိရှိပြီး စိတ်ကိုပါပြောင်းလဲစေတတ်သည်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်းစွဲလမ်းမှုဟာ အရက်ကိုစွဲလမ်းမှုထက် ခြောက်ဆမှ ရှစ်ဆအထိ ပိုကြောင်း သိရသည်။ ဒါကြောင့်လည်း နီကိုတင်းကို သုံးစွဲမိသွားသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်သွားကြသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ခုခံအားကျအရေပြားရောဂါ၊ မျက်စိအတွင်းတိမ်စွဲရောဂါ၊ မျက်ဝန်းတစ်ဝိုက်အရေပြားတွန့်ခြင်း၊ မျက်စိနီခြင်း၊ နှုတ်ခမ်းမည်းခြင်း၊ သွားဝါခြင်း၊ ဆံပင်ကျွတ်ခြင်း၊ လက်ညှိုးနှင့်လက်ခလယ် အရောင်ပြောင်းသွားခြင်း၊ အကြားအာရုံချို့တဲ့ရောဂါ၊ သွားပိုးစား၊ သွားပုပ်ရောဂါနှင့် ခံတွင်းရနံ့ ဆိုးရွားခြင်း၊ အဆုတ်လေအိတ်များတွင် လေခိုပြီး အဆုတ်ပွအဆုတ်ပျက်ရောဂါ၊ အသက်ရှူမဝခြင်း၊ အရိုးပွ အရိုးပါးရောဂါနှင့် အရိုးကျိုးလွယ်ခြင်း၊ လေကြောင်းပိတ်ဆို့သော အဆုတ်ရောဂါ၊ သွေးကြောများကျုံ့၍ ကျဉ်းလာခြင်း၊ နှလုံးသွေးကြောရောဂါများနှင့် နှလုံးခုန်မမှန်ခြင်း၊ သွေးကြောငယ်များကျဉ်းသွားကာ ခြေပုပ်လက်ပုပ်ရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်မှ အစာခြေရည်အက်စစ် အထွက်များလာခြင်း၊ အမျိုးသားများ သုတ်ရည်မအောင်တော့ဘဲ သားသမီးမရနိုင်ခြင်း၊ အိမ်ထောင်ရေးသုခ အပြည့်အဝမခံစားနိုင်ခြင်း၊ DNA ပျက်စီးစေခြင်း၊ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာနှင့် သားလျှောသားပျက်ခြင်း၊ လမစေ့ ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်း၊ ကလေးအသေမွေးခြင်းများ ဖြစ်စေနိုင်သည်။ ထို့ပြင် ဆေးလိပ်ထဲတွင် Carcinogen ဟုခေါ်သည့် ကင်ဆာဖြစ်စေတတ်သော ဓာတ်ပေါင်း ၄၃ မျိုးပါဝင်နေခြင်းကြောင့် မေးရိုး၊ အဆုတ်၊ နှာခေါင်း၊ လည်ချောင်း၊ လေပြွန်၊ အသံအိုး၊ ခံတွင်း၊ အစာမျိုပြွန်၊ အူ၊ ရင်သား၊ ကျောက်ကပ်၊ ပန်ကရိယ၊ ဆီးအိတ် စသည့် ကင်ဆာများအပြင် အချို့သူများမှာ သွေးကင်ဆာဖြစ်လာစေနိုင်သည်။ ထို့မျှမက ဆေးလိပ်သောက်သူ၏ ရုပ်ရည်သည် ဆေးလိပ်လုံးဝမသောက်သူနှင့် နှိုင်းယှဉ်ပါက ပို၍အိုစာသွားကာ အသားအရေညစ်ထေးပြီး အရေပြား ဇရာကြို ရောဂါဖြစ်သည့် အရွယ်မတိုင်ခင် အရေးအကြောင်းတွေ ပေါ်လာစေနိုင်သည်။

လူတချို့က ဆေးလိပ်၏ ဆိုးပြစ်များကို သိနားလည်လာ၍ ဆေးလိပ်ဖြတ်ချင်သော်လည်း စိတ်ဆန္ဒပြင်းပြခြင်းကို ချိုးနှိမ်ရန် လွန်စွာခဲယဉ်းနေသဖြင့် အချို့သူများမှာ ခဏတာမျှသာ ဆေးလိပ်ပြတ်ကြပြီး အချို့ကလည်း လုံးဝဖြတ်မရဖြစ်နေကြသည်။ မည်သူမျှ မွေးကတည်းက ဆေးလိပ်မသောက်တတ်ကြပေ။ အဓိကအချက်မှာ ချိုးနှိမ်ရန် ခက်ခဲသောစိတ်ကို မိမိစိတ်ဖြင့်သာ အနိုင်ယူရမည်ဖြစ်၍ စိတ်ဓာတ်စစ်ဆင်ရေးကိုသုံးကာ အောက်ပါနည်းလမ်းအသွယ်သွယ်တို့ဖြင့် ကြိုးစားကြည့်စေလိုပါသည်။

အချိန်ဆွဲပါ

ဆေးလိပ်သောက်ချင်စိတ် ဖြစ်လာသည့်အခါ၊ သောက်ချင်စိတ်ကို ချိုးနှိမ်ပြီး ၁၀ မိနစ်လောက် အောင့်ထားပါ။ ထို ၁၀ မိနစ်အတွင်း အာရုံပြောင်းသွားအောင် တစ်ခုခုကို စိတ်နှစ်ထားပါ။ ၁၀ မိနစ်ပြည့်သည့်အခါ "ဩော် ငါနေနိုင်သားပဲ" ဆိုပြီး စိတ်ကိုလျှော့၍ ဆေးလိပ်မသောက်ပါနှင့်။ နောက်ထပ် ၁၀ မိနစ် အချိန်ထပ်ဆွဲပါ။

စာမျက်နှာ ၁၇ သို့ ■

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၅/၂၀၂၁)ကို အွန်လိုင်းဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရုံးပိတ်ရက်ရှည်ကာလအား ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးလုပ်ငန်းများအတွက် ထိထိရောက်ရောက် ဆောင်ရွက်စေလိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း Stay at Home သတ်မှတ်ထားသည့် မြို့နယ် ၁၅ မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ ပြတ်ပြတ်သားသား လုပ်ကိုင်ဆောင်ရွက်ရန်နှင့် အခြားမြို့နယ်များတွင်လည်း ကိုဗစ်-၁၉ ရောဂါ စည်းကမ်းနှင့်အညီ လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စိုက်ပျိုးရေးထွက်ကုန်၊ မွေးမြူရေးထွက်ကုန်များ ဈေးမတက်စေရန် အမြဲမပြတ် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အများသုံးဆေးဝါးများအား အများပြည်သူတို့ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူစွာဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်လိုအပ်မှုအပေါ် သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်ချိတ်ဆက်၍ ချက်ချင်း သယ်ယူပို့ဆောင်နိုင်ရေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြို့နယ်များတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံသည့် လူဦးရေစာရင်းအား ကျန်းမာရေးဝန်ကြီးဌာန၏ Website Server သို့ အချိန်နှင့် တစ်ပြေးညီ Online Data Base System ဖြင့် ထည့်သွင်းရန်၊ သတ်မှတ်ထားသည့် အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံနိုင်ရေး လူဦးရေစာရင်းများအား Up to Date ပြန်လည်ပြုစုထားရန် လိုအပ်ကြောင်း၊ တတိယလှိုင်းတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါပိုးသည် အသွင်ပြောင်း Delta Virus ဖြစ်၍ ကူးစက်မှုနှုန်းမြန်သလို သေဆုံးမှုနှုန်းလည်း မြင့်တက်နေကြောင်း၊ ပြည်သူအားလုံး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်နိုင်ရေး အသိပညာပေးရန်လည်း လိုအပ်ကြောင်း၊ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများအား အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်နှင့် မြို့နယ်များတွင် တပ်ဆင်မည့် Oxygen Plant များ မီးဘေးအန္တရာယ်နှင့် လုံခြုံရေးစနစ်တကျ ထားရှိသွားရန် အကြံပြုပြောကြားသည်။

အဆိုပါအစည်းအဝေး၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့နယ်အလိုက် လိုအပ်သော အောက်ဆီဂျင်နှင့် ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများအား အချိန်မီရရှိနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

❖ ထိုင်းနိုင်ငံမှ

ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများ၊ မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ ချက်ချင်းစစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာတွင် ကုသမှု ခံယူစေမည်ဖြစ်ပြီး ရောဂါပိုးမရှိသူများအား ကျောက်လုံးကြီး ကွာရတင်းစခန်းတွင် ၁၀ ရက် ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်အား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့အား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၂၈ ဦး၊ အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၀၆ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်**

ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၂ တွင် ဖော်ပြပါရှိသည့် လိုင်လီအသင်း ပြင်သစ်စူပါဖလား ပထမဆုံးအကြိမ် ရယူဆွတ်ခူးသတင်းတွင် ပရိသတ် **၂၉၀၀၀၀** အစား ပရိသတ် **၂၉၀၀၀** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

■ စာမျက်နှာ ၁၆ မှ

နောက်ထပ်တစ်လိပ်ထဲပါကွာ မလုပ်မိပါစေနဲ့

ဆေးလိပ်သောက်သည့်ပမာဏကို တဖြည်းဖြည်းချင်းလျှော့ပါ။ တစ်လိပ်သောက်ပြီးသောအခါ “နောက်ထပ်တစ်လိပ်ထဲပါကွာ” ဆိုပြီး မိမိကိုယ်ကို အလိုမလိုက်ပါနှင့်။ ဆေးလိပ်သောက်ဖော်သောက်ဖက် မိတ်ဆွေများက သင့်ကို ဆေးလိပ်ကမ်းလာခဲ့ပါလျှင်လည်း အားနာရှက်ရွံ့ခြင်းဖြစ်မနေဘဲ ဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေပြီဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြပါ။

ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုထလုပ်လိုက်ပါဦး

ဆေးလိပ်သောက်ချိန်မှာ မသောက်ရ၍ စိတ်ထဲ တစ်ခုခုလိုနေသလို ခံစားရလေ့ရှိသည်။ ထိုအခါ ငြိမ်ထိုင်မနေဘဲ ခေတ္တခဏ ၁၅ မိနစ်လောက် လမ်းထလျှောက်ပါ (သို့မဟုတ်) အလုပ်တစ်ခုခု ရှာလုပ်နေပါ။

လေ့ကျင့်ခန်းယူပါ

အသက်ပြင်းပြင်းရှူခြင်း၊ ကြွက်သားလေ့ကျင့်ခန်း၊ ယောဂ၊ အိပ်မွေ့ချခြင်း၊ အနှိပ်ခံခြင်း စသည်တို့က ဆေးလိပ်သောက်ချင်သောစိတ်ကို ပြေပျောက်သွားအောင် တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်သည်။

ဆေးလိပ်ဖြတ်ခြင်း၏ ကျန်းမာရေးကောင်းကျိုးကို အမြဲသတိရနေပေးပါ

သင် ဆေးလိပ်သောက်တတ်အောင် မည်သူကမျှ သင်ပေးခြင်းမဟုတ်ပါ။ မိမိသာလျှင်ဆရာ၊ မိမိသာလျှင် တပည့်ပါ။ နှစ်ရှည်လများ ဆေးလိပ်စွဲနေခဲ့ပြီဖြစ်၍ ဆေးလိပ်ဖြတ်နေစဉ် စဦးပိုင်းကာလများမှာ ကသိကအောင့်၊ စိတ်အလိုမကျဖြစ်နေတတ်သည်။ သို့သော် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးဆိုးကျိုးများ၊ ငွေကို မီးရှို့နေခြင်း၊ မိမိပတ်ဝန်းကျင် လေထုညစ်ညမ်း၍ တစ်ဆင့်ခံ ဆေးလိပ်ရနံ့ရှူရှိုက်နေသူများအတွက် ပရဟိတစိတ် စသည့် ကောင်းကျိုးအထွေထွေကို စဉ်းစားသုံးသပ်ပါ။

ဘဝတူချင်းမိတ်ဖွဲ့ပါ

မိမိကဲ့သို့ပင် ဆေးလိပ်ဖြတ်သူများနှင့် မိတ်ဆွေဖွဲ့၍ သူတို့ရော ဘယ်လိုကြိုးစားနေသည်ကို နည်းနာယူပါ။ မိမိ၏ ကြိုးစားမှုကိုလည်း ထပ်ဆင့်မျှဝေပေးပါ။ ဆေးလိပ်လုံးဝပြတ်သွားပြီးသူများ၏ နည်းစနစ်များကို မေးမြန်းစူးစမ်းဖို့ ဝန်မလေးပါနှင့်။ ထိုသူများ၏ အတွေ့အကြုံများသည် သင့်အတွက် များစွာအထောက်အကူ ဖြစ်စေနိုင်သည်။

နီကိုတင်းဓာတ် အစားထိုးမှီဝဲပါ

လက်ဖက်ခြောက်ခတ်ထားသော ရေနွေးပူပူ၊ ပူရှိန်းဓာတ်ပါသော ပီကေ (သို့မဟုတ်) သကြားလုံးများ၊ ပူရှိန်းငုံဆေးပြားတို့က ဆေးလိပ်သောက်ချင်စိတ်ကို ချိုးနှိမ်ကာ ခံတွင်းချဉ်ခြင်းမှလည်း သက်သာစေသည်။ နီကိုတင်း အစားထိုး ရှူဆေးတောင့်သုံးပါ။ ဆေးလိပ်ဖြတ်ခြင်းကို အထောက်အကူပြုသည့် bupropion (Zyban)နှင့် varenicline (Chantix) စသော ဆေးဝါးများ မှီဝဲသောက်သုံးပါ။

အာသာပြေ တစ်ခုခုစားပါ

စိတ်သက်သာရာရအောင် သကြား(အချို) ဓာတ်မပါသော ပီကေဝါးပါ။ ပဲကြီးလှော်၊ နေကြာစေ့လှော်စားပါ။

မိမိကိုယ်ကိုယုံကြည်မှုရှိနေပါစေ

ဆေးလိပ်ဖြတ်လိုက်သည့်အတွက် အပိုငွေမကုန်တော့ဘဲ ၎င်းငွေကို စုဆောင်းနိုင်သလို အလှူဒါနပြုရာမှာ သုံးနိုင်သည်။ ဆေးလိပ်ဖြတ်လိုက်၍ အနံ့အာရုံနှင့် အရသာခံအာရုံများ ပို၍ ကောင်းသွားပါသည်။ သွား၊ နှုတ်ခမ်းများလည်း မည်း၍မနေတော့ဘဲ နီကိုတင်းဓာတ်ကြောင့် ခံတွင်း၊ ဆီး၊ ချွေးရနံ့ဆိုးတွေပါ ပျောက်ကင်းသွားစေနိုင်သည်။ အရေးကြီးသော အချက်ရှိပါသည်။ ၎င်းမှာ ဆေးလိပ်စွဲနေသောအကျင့်ကို လုံးဝဖြတ်နိုင်သဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုပိုရှိလာစေသည်။

“မူးယစ်အစ ဆေးလိပ်က”ဖြစ်၍ အထူးသဖြင့် လူငယ်လူရွယ်များ ဆေးလိပ်ကို အစလုပ်၍ပင် မသောက်သင့်ပေ။ ဆေးလိပ်သောက်သူ လူငယ်များ စာသင်ကြားမှုကို ထိခိုက်စေနိုင်ပြီး အမောမခံနိုင်၊ သက်လုံ ချို့ယွင်းလာစေနိုင်သဖြင့် လူကြီး၊ လူရွယ်၊ လူငယ်အားလုံး ဆေးလိပ်ဖြတ်သင့်သည်။ ဆေးလိပ်သောက်သူများတွင် အိပ်ရခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်းများ ပိုမိုခံစားရနိုင်ပြီး ဆေးလိပ်တစ်လိပ်သောက်လျှင် ငါးမိနစ် အသက်တိုစေကာ ပျမ်းမျှသက်တမ်း အသက် ၁၀ နှစ် ပို၍ တိုတောင်းသွားစေနိုင်ကြောင်းကိုလည်း နိုင်ငံတကာသုတေသီများက သတိပေးထားကြသည်။ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရောဂါခံစားရမှုမှာ ဆေးလိပ်ဆက်သောက်နေသူထက် လျော့နည်းသွားကြောင်းနှင့် ဆေးလိပ်ဖြတ်ခြင်း ၁၀ နှစ်အကြာတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်း ကျဆင်းသွားပါကြောင်း အသိရှိစေလိုပါသည်။

အချုပ်အားဖြင့် ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် သေဆုံးမှုများဖြစ်ပွားရာ၌ အများစုသည် အဆုတ်ပျက်စီးမှုကြောင့် ဖြစ်သည်။ အထူးသတိပေးလိုသည်မှာ ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုး၏ ဦးတည်ချက်သည် အဆုတ်ထဲရှိ လေအိတ်များကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ဆေးလိပ်၏ နီကိုတင်းဓာတ်က အဆုတ်ကို အမာရွတ်ဖြစ်စေသည်။ အကယ်၍ ဆေးလိပ်စွဲလမ်းသောက်သုံးသူမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက အမာရွတ်များရှိနေသော ထိုအဆုတ်ကို ဗိုင်းရပ်စ်ပိုးက အလွယ်တကူ ဖျက်ဆီးနိုင်ပါသည်။ သတိထားသင့်သည်မှာ ဆေးလိပ်သောက်သူသည် ဆေးလိပ်ကိုင်ထားသော မသန့်ရှင်းသည့် လက်နှင့် ပါးစပ်ကို အမြဲထိတွေ့နေခြင်းက ဗိုင်းရပ်စ်ပိုးများ အသက်ရှူလမ်းကြောင်းတစ်လျှောက် အလွယ်တကူဝင်လာရန် တံခါးဖွင့်ထားသလိုဖြစ်နေသည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးသူများမှာ ပြင်းထန်သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုဖြစ်နိုင်ခြေ အန္တရာယ်ပိုများနေပါသည်။ သို့ပါ၍ ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဩဂုတ် ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များအလိုက် စုရပ်နေရာများခွဲ၍ ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ထိုးနှံပေးကြသည်။

ထိုးနှံပေး

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် မြို့နယ်များအလိုက် စုရပ်နေရာများဖြစ်သော အခြေခံပညာအထက်တန်းကျောင်းများ၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသော ကာကွယ်ဆေးမထိုးရသေးသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကာကွယ်ဆေးမထိုးရသေးသည့် စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေးမထိုးရသေးသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်/ မိုတယ်/ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ စူပါမားကက်များ/ ဈေးများမှဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆေးထိုးနှံပေးရာတွင် ဇေယျာသီရိမြို့နယ် ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၃၁၈ ဦးခန့်ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၄၀၀ ခန့်ကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်း အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၃၀၈ ဦးကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၈၀၀ ခန့် ကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၅၀၀ ခန့်ကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၁၉၀ ကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၁၁၃၄ ဦးကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၅၆၀ ခန့်ကိုလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးကြသည်။

ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာမှ ဆေးလာရောက်ထိုးနှံသူ ဦးလှမြင့်က "ကျွန်တော့်အသက် ၆၇ နှစ်ရှိပါပြီ။ ပထမအသုတ်ဆေးထိုးဖို့လာတုန်းက သွေးတိုးနေတဲ့အတွက် မထိုးလိုက်ရဘူး။ အခုတစ်ခေါက်ဆေးထိုးဖို့အတွက် ဆေးစစ်ပေးတဲ့အခါမှာ အကုန်လုံးအဆင်ပြေတာကြောင့် ဆေးထိုးနှံခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒုတိယအကြိမ်အနေနဲ့ ဩဂုတ် ၃၁ ရက်မှာ နောက်တစ်ကြိမ်လာရောက်ဆေးထိုးနှံရမှာပါ။ ကျွန်တော့်လိုပဲ ဆေးမထိုးရသေးတဲ့သူတွေ ဆေးထိုးနှံခွင့်ရတဲ့အခါ မပျက်မကွက်ဆေးလာရောက်ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ ပြည်ပက မှာယူထားတဲ့ဆေးတွေလည်း အမြန်ဆုံးရောက်ရှိပြီး ပြည်သူတွေအားလုံး ထိုးနှံနိုင်မယ်လို့ ယုံကြည်မိပါတယ်" ဟု ပြောသည်။

ဆောင်ရွက်ပေး

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ဇေယျာသီရိမြို့နယ် ပြည်စံအောင် အထက်တန်းကျောင်းသို့ ဆေးလာရောက်ထိုးနှံသူ ဌာနဆိုင်ရာဝန်ထမ်း ဦးကျော်စွာစိုးကလည်း "ဆေးထိုးခွင့်ရမယ့်အချိန်ကို မျှော်လင့်နေတာကြာပါပြီ။ အခုလိုဆေးထိုးနှံခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းတွေနဲ့အညီ ဆေးထိုးနှံနိုင်ဖို့ ဆောင်ရွက်ထားတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီကပ်ရောဂါကြီး ပြီးဆုံးပြီး ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝ အဆင်ပြေချောမွေ့စွာ အမြန်ဆုံး ပြန်လည်ရောက်ရှိဖို့ မျှော်လင့်နေမိပါတယ်။ ပြည်သူတွေလည်း ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

ဇေယျာသီရိမြို့နယ် ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့်နေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့် ပြည်သူလူထုသိရှိထားရမည့် အချက်အလက်များကို ကာကွယ်ဆေးလာရောက်ထိုးနှံသူများ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကိုလည်း တွေ့ရသည်။

ဆောင်ရွက်ပေးထား

ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက်နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ထားပေးခြင်း၊ အနားယူနေစဉ်အချိန်အတွင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာပါကလည်း လိုအပ်သည်များကုသပေးနိုင်ရန် အဆင်သင့်ဆောင်ရွက်ပေးခြင်း၊ အနားယူပြီးချိန်တွင်လည်း စနစ်တကျပြန်နိုင်စေရန် အထွက်လမ်းများကို ဆောင်ရွက်ပေးထားခြင်းနှင့် ဆေးလာရောက်ထိုးနှံသူများ ကျန်းမာရေးအတွက်သာမက လုံခြုံရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ထားကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမည့်ကာလကို ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း သီတင်းပတ်အဖြစ် လျာထားသတ်မှတ်ထားပြီး ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - အောင်ဟိန်း
ဓာတ်ပုံ - ကိုကိုကျော်

ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

မြန်မြန်တင်ဒါခေါ်၊ မြန်မြန်တူး၊ မြန်မြန်ရှာ၊ မြန်မြန်ထုတ်

ကျော်ကျော်လှိုင်(SMART)

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ ရောင်းချသည့်အပြင် မြန်မာနိုင်ငံအတွက်လည်း လျှပ်စစ်ထုတ်လုပ်ရန်နှင့် စက်မှုလုပ်ငန်းများအတွက်လည်း ခွဲဝေသုံးစွဲပါသည်။

တိုတယ် (TOTAL) ရေနံကုမ္ပဏီက ရတနာဓာတ်ငွေ့မြေမှ နေ့စဉ်သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၈၀၀ ခန့် ထုတ်လုပ်ပါသည်။ သန်း ၆၀၀ ခန့်ကို ထိုင်းသို့ တင်ပို့ရောင်းချပါသည်။ သန်း ၂၀၀ ခန့်ကို ၂၄ လက်မ ပိုက်လိုင်းဖြင့် ရန်ကုန်သို့ ပို့ဆောင်ပြီး လျှပ်စစ်ထုတ်လုပ်မှုအတွက် အများဆုံးသုံးပါသည်။ ပေါ်စကိုဒေဝူး (POSCO) ရေနံကုမ္ပဏီက ရွှေဓာတ်ငွေ့မြေမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၅၀၀ ခန့် ထုတ်လုပ်ပါသည်။ သန်း ၄၀၀ ခန့်ကို တရုတ်ပြည်သို့ တင်ပို့ရောင်းချပါသည်။ သန်း ၁၀၀ ခန့်ကို မြန်မာနိုင်ငံအတွင်း လိုအပ်ချက်အတွက် သုံးစွဲပါသည်။

စတင်ခဲ့ခြင်းဖြစ်

ပီတီတီအီးပီ (PTTEP) ရေနံကုမ္ပဏီက ဇော်တိကဓာတ်ငွေ့မြေမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၃၈၀ ခန့် ထုတ်လုပ်ပါသည်။ သန်း ၃၀၀ ခန့်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပါသည်။ သန်း ၈၀ ခန့်ကို မြန်မာနိုင်ငံအတွင်း လိုအပ်ချက်အတွက် သုံးစွဲပါသည်။ တစ်ချိန်ကတစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၄၀၀ ကျော်နှင့် ရေနံ (Condensate) စည် တစ်သောင်းကျော် ထွက်ခဲ့သော ရဲတံခွန်ရေနံမြေသည် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၅ သန်းသာ ထွက်ရှိတော့သဖြင့် ထုတ်လုပ်မှုကို ခေတ္တရပ်ဆိုင်းထားပါသည်။ ရဲတံခွန်ရေနံမြေကို ပက်ထရိုနပ်စ် ချာလီဂါလီကုမ္ပဏီက ဦးစီး၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းကို ၂၀၀၀ ပြည့်နှစ်က စတင်ခဲ့ခြင်းဖြစ်ပါသည်။

အီးအိုင်တီအိုင် (EITI, Extractive Industries Transparency Initiative)



* Q1-Q3
Source: Myanmar Directorate of Investment and Company Administration

အစီရင်ခံစာအရ သဘာဝဓာတ်ငွေ့ကို တင်ပို့ရောင်းချရာမှရရှိသော နိုင်ငံခြားဝင်ငွေသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းရှိပါသည်။ ဂျီဒီပီ(GDP)၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး နိုင်ငံတော်အစိုးရဝင်ငွေကို ၅ ဒသမ ၂ ရာခိုင်နှုန်း ပံ့ပိုးပါသည်။ အီးအိုင်တီအိုင်သည် သဘာဝသယံဇာတများကို ထုတ်လုပ်ရောင်းချသည့်အခါ ပွင့်လင်းမြင်သာမှု ရှိ၊ မရှိကို စစ်ဆေးသည့်အဖွဲ့ကြီးဖြစ်ပါသည်။

ကတိကဝတ်ပြုခဲ့

၂၀၁၀-၂၀၁၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၂ ခုနှစ်ကုန်ပိုင်းတွင် အီးအိုင်တီအိုင်အဖွဲ့ကြီးနှင့် ဆက်သွယ်ပြီး အဖွဲ့ဝင်ရန် ကတိကဝတ်ပြုခဲ့ပါသည်။ ကတိကဝတ်ပြုခဲ့သည့်အတိုင်း အီးအိုင်တီအိုင်အဖွဲ့ကြီး၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းတွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါသည်။ မြန်မာနိုင်ငံသည် အီးအိုင်တီအိုင် အဖွဲ့ဝင်နိုင်ငံဖြစ်လာသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်မှုများသည် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်ပြီးသားဖြစ်လာပါသည်။

သဘာဝဓာတ်ငွေ့ကို နိုင်ငံခြားသို့ ရောင်းချရာမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများစွာ ရှာပေးနိုင်သလို ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များကို လုပ်နိုင်သည့် ကုမ္ပဏီများကို လုပ်ပိုင်ခွင့်ပေးခြင်းသည်လည်း နိုင်ငံတော်၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို များစွာ တိုးတက်စေပါသည်။ ၂၀၁၁ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်တွင် ကုန်းတွင်းလုပ်ကွက်များကို တင်ဒါခေါ်ယူခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက် ရှစ်ကွက်ကို နိုင်ငံခြားကုမ္ပဏီ ရှစ်ခုနှင့် ထုတ်လုပ်မှုကို ခွဲဝေခံစားသော စာချုပ်များကို ပွင့်လင်းမြင်သာစွာ ချုပ်ဆိုနိုင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက်များနှင့် ကမ်းလွန်ရေတိမ်ပိုင်းနှင့် ရေနက်ပိုင်း လုပ်ကွက်များအတွက် တင်ဒါခေါ်ယူခဲ့ပြန်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက် ၁၁ ကွက်ကို နိုင်ငံခြားကုမ္ပဏီများဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော စာချုပ် ၁၁ ခုနှင့် ရေနံမြေဟောင်း သုံးခုကို ရေနံအထွက်တိုးစာချုပ် သုံးခု ချုပ်ဆိုနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကမ်းလွန်လုပ်ကွက် လေးခုကို နိုင်ငံခြားကုမ္ပဏီများဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော စာချုပ်လေးခုနှင့် ၂၀၁၅ ခုနှစ်တွင် ကမ်းလွန်လုပ်ကွက် ၁၆ ခုကို နိုင်ငံခြားကုမ္ပဏီများဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသောစာချုပ် ၁၆ ခုကို ချုပ်ဆိုနိုင်ခဲ့ပါသည်။

ဆုံးရှုံးခဲ့

အီးအိုင်တီအိုင် အဖွဲ့ဝင်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လုပ်ကွက်များကို ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူခြင်း၊ အချိန်တိုအတွင်း စာချုပ်ချုပ်ဆိုနိုင်ခြင်းတို့ကြောင့် အကျိုးဆက်အဖြစ် ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံ ရရှိခဲ့ပါသည်။ (**ကိုးကား။ ကမ္ဘာ့ဘဏ်မှ ၂၀၁၇ ခုနှစ် ဇန်ဝါရီလ ၂၅ ရက် ထုတ်ပြန်သော အစီရင်ခံစာ**) ဤနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ် ၁၀ နှစ်အတွင်း အများဆုံးရရှိသောနှစ်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အစိုးရသက်တမ်းအတွင်း ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များကို တင်ဒါခေါ်ယူခြင်းမရှိခဲ့ပါ။ ငါးနှစ်အတွင်း အခွင့်အရေးများ ဆုံးရှုံးခဲ့သည်ကို တွေးဆနိုင်ပါသည်။

ယနေ့ ကမ္ဘာ့ရေနံဈေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ ကျော်နေပြီး တက်ရိပ်ပြနေပါသည်။ ကိုဗစ်မဖြစ်မီက ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ ကျော်သာရှိပါသည်။ ကိုဗစ်တတိယလှိုင်းဖြစ်နေသော်လည်း ရေနံဈေးတက်နေသည်ကိုကြည့်လျှင် ကိုဗစ်ပြီးဆုံးချိန်တွင် ရေနံဈေးပိုတက်မည်ဟု ပညာရှင်များက ခန့်မှန်းကြပါသည်။ ရေနံဈေးတက်သည်ကို အခွင့်ကောင်းယူပြီး မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ကုမ္ပဏီက ကမ်းလွန်လုပ်ကွက် ၁၃ ကွက် ကို ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းက တင်ဒါခေါ်ခဲ့ပါသည်။ နှစ်မကုန်မီ စာချုပ်များချုပ်မည်ဟု ပက်ထရိုနပ်စ်က ကြေညာထားပါသည်။

ကျွန်တော်တို့နိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းနှင့် ရေနက်ပိုင်းတွင် မရှာဖွေရသည့် ဓာတ်ငွေ့သိုက်များစွာ ကျန်ရှိနေပါသေးသည်။ မြန်မြန်တင်ဒါခေါ်၊ မြန်မြန်စာချုပ်ချုပ်၊ မြန်မြန်တူး၊ မြန်မြန်ထုတ်လုပ်နိုင်ရန် အရေးကြီးပါသည်။ ဓာတ်ငွေ့သိုက်တစ်ခုကို စတွေ့သည့်နေ့မှ စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ ၉ နှစ်မှ ၁၀ နှစ် ကြာသည်ကို သတိပြုရန်လိုပါသည်။ ယနေ့တင်ဒါခေါ်ပြီး နောက်နှစ် စာချုပ်ချုပ်နိုင်လျှင်ပင် ၂၀၃၁ ခုနှစ်ရောက်မှ ဓာတ်ငွေ့ကို ထုတ်ယူသုံးစွဲနိုင်ပါမည်။

ဟောကိန်းထုတ်ထား

ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များကို နောင်လာနောက်သားများအတွက် ချန်ခဲ့မည်ဆိုသည့် အယူအဆသည် မှားယွင်းသောအယူအဆ ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများကို ဓာတ်ငွေ့မှရသောငွေဖြင့် ပညာတတ်လူ့အဖွဲ့အစည်းဖြစ်အောင် ပြုစုပျိုးထောင်ခြင်းသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်ပါမည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာကျော် Mckinsey ထုတ်ပြန်သောစာတမ်းအရ သဘာဝဓာတ်ငွေ့သည် ၂၀၃၇ ခုနှစ်တွင် လိုအပ်ချက်အရ အမြင့်ဆုံးဖြစ်နိုင်ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်း ကမ္ဘာ့လိုအပ်ချက် လျော့ကျသွားမည်ဟု ဟောကိန်းထုတ်ထားပါသည်။

တခြားပြန်ပြည့်မြဲ စွမ်းအင်များ ဈေးသက်သက်သာသာ ထုတ်နိုင်လာ၍ဖြစ်နိုင်သည်။ ဤဟောကိန်းမှန်ခဲ့လျှင် ဓာတ်ငွေ့သိုက်များစွာရှိသော ကျွန်တော်တို့နိုင်ငံသည် ၂၀၃၇ ခုနှစ်မတိုင်မီ ဓာတ်ငွေ့သိုက်များမှ ဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်လုပ်ရန် အလျင်အမြန် စီမံချက်များ ချမှတ်လုပ်ဆောင်ရပါမည်။ နိဂုံးချုပ်အနေဖြင့် -

- ကမ်းလွန်နှင့် ကုန်းတွင်းလုပ်ကွက်များကို တင်ဒါခေါ်ယူရန် ပြင်ဆင်ပါ။
- ကမ်းလွန်နှင့် ကုန်းတွင်းလုပ်ကွက်နှင့်ပတ်သက်သည့် အချက်အလက် (Data) များကို အွန်လိုင်းပေါ်မှ ကြည့်ရှုနိုင်ရန်ပြင်ဆင်ပါ။
- ၂၀၁၁ နှင့် ၂၀၁၃ က ခေါ်ယူခဲ့သော တင်ဒါမှအားနည်းချက်အားသာချက်များကို ပြန်လည်စိစစ်ပါ။ ပြင်သင့်တာကို ပြင်ပါ။
- ၃၁ နှစ် ကြာမြင့်ပြီဖြစ်သော ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ် (Production Sharing Contract) ကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ပါ။
- ဈေးကွက် ရှာဖွေရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့ဖွဲ့ပါ။
- မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို ကော်ပိုရိတ်အသွင် ပြောင်းပါ။
- မြန်မြန်တင်ဒါခေါ်၊ မြန်မြန်စာချုပ်၊ မြန်မြန်တူး၊ မြန်မြန်ရှာ၊ မြန်မြန်ထုတ်လုပ်ခြင်းဖြင့် တိုင်းပြည်၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်များကို ဖြည့်ဆည်းပြီး နိုင်ငံခြားဝင်ငွေတိုးအောင် ဆောင်ရွက်ကြပါစို့ ။

ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များကို နောင်လာနောက်သားများအတွက် ချန်ခဲ့မည်ဆိုသည့် အယူအဆသည် မှားယွင်းသောအယူအဆ ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများကို ဓာတ်ငွေ့မှရသောငွေဖြင့် ပညာတတ်လူ့အဖွဲ့အစည်းဖြစ်အောင် ပြုစုပျိုးထောင်ခြင်းသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်ပါမည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာကျော် Mckinsey ထုတ်ပြန်သောစာတမ်းအရ သဘာဝဓာတ်ငွေ့သည် ၂၀၃၇ ခုနှစ်တွင် လိုအပ်ချက်အရ အမြင့်ဆုံးဖြစ်နိုင်ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်း ကမ္ဘာ့လိုအပ်ချက် လျော့ကျသွားမည်ဟု ဟောကိန်းထုတ်ထား

ဩဂုတ် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၇၁၃ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂-၈-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၂၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၇၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၉၆,၁၁၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၁၁,၀၆၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၇၄၅)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၂၀,၈၈၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၁၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၀,၃၇၃) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ	(၇၃၀) ခု	(၂၄၅) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၄၃) ခု	(၃၃) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၅၁၅) ခု	(၁၂၈) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၆၀၈) ခု	(၁၉၉) ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၈၄၆) ခု	(၁၁၆) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၂,၃၉၇) ခု	(၁,၁၂၈) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၉,၁၁၈) ခု	(၂,၈၆၄) ဦး
စုစုပေါင်း	(၁၄,၂၅၇) ခု	(၄,၇၁၃) ဦး

ကသာမြို့၌ ရပ်ကွက်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

ကသာ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ရပ်ကွက်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့ နံနက် ၈ နာရီနှင့် မွန်းလွဲ ၂ နာရီတွင် ကသာမြို့ အမှတ် (၁) အထက်တန်းကျောင်းနှင့် မြို့တော်ခန်းမတို့တွင် နှစ်နေရာခွဲ၍ ထိုးနှံပေးခဲ့သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ဝန်ထမ်းများနှင့် အတူနေမိသားစုများ၊ ပုဂ္ဂလိကဘဏ်များ၊ သာသနာ့ဝန်ထမ်းများ၊ ရဟန်းသံဃာတော်နှင့် သီလရှင်များကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာသို့ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့်အဖွဲ့ဝင်များ၊ ကသာခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ဒေါက်တာစိုးသူအုံ့နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် မြို့ပေါ်ရပ်ကွက်ရှိ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ဝန်ထမ်းများနှင့် အတူနေမိသားစုများ စုစုပေါင်း ၉၅၈ ဦးကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း၊ ဩဂုတ် ၄ ရက်တွင် ထိုနေရာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၅၈၉၅၉၈၀	၂၉၇၁၇၅၃၇	၆၂၉၈၆၂
၂။	အိန္ဒိယ	၃၁၇၂၆၅၀၇	၃၀၈၉၆၃၅၄	၄၂၅၂၂၈
၃။	ဘရာဇီး	၁၉၉၅၃၅၀၁	၁၈၆၈၇၂၀၃	၅၅၇၃၅၉
၄။	ရုရှား	၆၃၃၄၁၉၅	၅၆၅၉၇၄၆	၁၆၀၉၂၅
၅။	ပြင်သစ်	၆၁၅၁၈၀၃	၅၇၀၈၉၁၃	၁၁၁၉၃၆
၆။	ဗြိတိန်	၅၉၀၂၃၅၄	၄၅၃၆၁၅၂	၁၂၉၇၄၃
၇။	တူရကီ	၅၇၇၀၈၃၃	၅၄၆၅၈၄၆	၅၁၅၁၉
၈။	အာဂျင်တီးနား	၄၉၄၇၀၃၀	၄၅၉၄၈၇၃	၁၀၆၀၄၅
၉။	ကိုလံဘီယာ	၄၈၀၁၀၅၀	၄၅၉၈၁၇၆	၁၂၁၂၁၆
၁၀။	စပိန်	၄၅၀၂၉၈၃	၃၇၃၉၆၆၂	၈၁၆၄၃

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၃၄၉၆၇၀၀	၂၈၇၃၆၆၉	၉၈၈၈၉
၂။	ဖိလစ်ပိုင်	၁၆၁၂၅၄၁	၁၅၂၁၂၆၃	၂၈၁၄၁
၃။	မလေးရှား	၁၁၆၃၂၉၁	၉၅၀၀၂၉	၉၅၉၈
၄။	ထိုင်း	၆၅၂၁၈၅	၄၃၇၈၃၁	၅၃၁၅
၅။	မြန်မာ	၃၁၁၀၆၇	၂၂၀၈၈၇	၁၀၃၇၃
၆။	ဗီယက်နမ်	၁၆၅၃၃၉	၄၆၉၆၅	၁၈၈၁
၇။	ကမ္ဘောဒီးယား	၇၉၀၅၁	၇၂၁၄၅	၁၄၇၁
၈။	စင်ကာပူ	၆၅၃၁၅	၆၃၀၃၃	၃၈
၉။	လာအို	၇၀၁၅	၃၃၉၂	၇
၁၀။	ဘရူနိုင်း	၃၃၈	၂၈၀	၃

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့

မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

နိုင်ငံတစ်ဝန်း၌ နိုင်ငံ့ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

သံတောင်ကြီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)

ဟိုပုံးမြို့နယ်
ခရိုင်(ပြန်/ဆက်)

ကော့သောင်းမြို့
ကျော်စိုး (ကော့သောင်း)

ဇဟန်းမြို့နယ်
အောင်မြင့်(ပြန်/ဆက်)

ကြာအင်းဆိပ်ကြီးမြို့နယ်
မျိုးမင်းဦး

မုံရွာမြို့နယ်
ခရိုင်(ပြန်/ဆက်)

ဒက္ခိဏသီရိမြို့နယ်
ထွန်းထွန်းဝင်း(ပြန်/ဆက်)

အင်းတော်မြို့နယ်
ကျော်သီဟ(ပြန်/ဆက်)

တနိုင်းမြို့နယ်
ဝါဝါ(ပြန်/ဆက်)

မြစ်ကြီးနားမြို့နယ်
ပြည်နယ်(ပြန်/ဆက်)

ညောင်ဦးမြို့နယ်
ကိုထိန်

တောင်ကြီးမြို့
မောင်မောင်သန်း (တောင်ကြီး)

ကိုဗစ်ကို အန်တုနိုင်ဖို့

သိုက်စိုးထွန်း(နတ်ရွာ)

ကမ္ဘာမှာရော မြန်မာမှာပါ ဆိုးဆိုးရွားရွားဒုက္ခပေးနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို အန်တုနိုင်ဖို့က လွယ်တဲ့ကိစ္စတော့မဟုတ်ပါဘူး။ ဘက်ပေါင်းစုံက စဉ်းစားသုံးသပ်ပြီး ပြည်သူအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ အင်တိုက်အားတိုက် အန်တုတွန်းလှန်ကြမှသာ ကပ်ရောဂါကို ထိထိရောက်ရောက်ထိန်းနိုင်မှာပါ။

ကျန်းမာရေးဝန်ကြီးဌာနက တစ်နေ့တစ်နေ့ ထုတ်ပြန်တဲ့ ဖြစ်ပွားမှု၊ သေဆုံးမှုစာရင်းတွေကို ကြည့်ရင် ကိုဗစ်ကပ်ဆိုးက ဘယ်လောက်တောင် ရိုက်ခတ်နေပြီလဲဆိုတာ သိနိုင်ပါတယ်။ ဒါ့အပြင် အကြောင်းကြောင်းတွေကြောင့် ဝန်ကြီးဌာနက ထုတ်ပြန်တဲ့စာရင်းမှာ ပါမသွားတဲ့ ကိန်းဂဏန်း အချက်အလက်တွေလည်း ရှိနေပါသေးတယ်။ ဥပမာအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနနဲ့ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုခုမှာ စစ်ဆေးတဲ့ ကိန်းဂဏန်းအရေအတွက်တွေ၊ ရောဂါပိုးတွေ့ရှိမှု အရေအတွက်တွေအားလုံးက ဝန်ကြီးဌာနရဲ့ စာရင်းမှာပါဝင်ပေမယ့် ပြင်ပအဖွဲ့အစည်းတွေနဲ့ စစ်ဆေးရာက ပိုးတွေ့ရှိမှုအခြေအနေတွေ၊ ကိုယ့်ဘာသာ Test Kit ဝယ်ပြီးစစ်ရာက တွေ့ရှိတဲ့ ကိန်းဂဏန်းတွေက ပါမလာနိုင်ပါဘူး။

သတင်းပို့ဖို့လို

ဒီနေရာမှာ သတိပြုဖို့လိုတာကတော့ ကိုဗစ်-၁၉ ရောဂါကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေအရ ‘တိုင်ကြားရမည့် ကူးစက်ရောဂါ’အဖြစ် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားတဲ့အတွက် ဘယ်လိုနည်းလမ်းနဲ့ပဲ စစ်ဆေးလို့တွေ့ရှိသည်ဖြစ်စေ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းတွေဆီ သတင်းပို့ဖို့ လိုမှာပါ။ တချို့နေရာတွေမှာ ‘ဒီတွေ့ရှိမှုက တရားမဝင်ဘူး’ဆိုတဲ့ သဘောပြောနေတာတွေ ရှိတယ်လို့ ဆိုပါတယ်။ ရောဂါဖြစ်ပြီဆိုမှတော့ တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ လူကို ဒုက္ခပေးနိုင်ပုံချင်းကတော့ အတူတူပါပဲ။ ပြင်ပက စစ်လာတာကို လက်မခံတာက ‘တိုင်ကြားရမည့် ကူးစက်ရောဂါ’အဖြစ် သတ်မှတ်ထားတဲ့ အမိန့်ကြော်ငြာစာနဲ့လည်း ဆန့်ကျင်နေပါတယ်။ စစ်ဆေးထားတဲ့ရလဒ်ကို သံသယရှိတယ်ဆိုရင်လည်း ဌာနက ထပ်စစ်လိုက်ရုံပါပဲ။

ပြင်ပမှာစစ်ဆေးတဲ့အဖြေကို လက်ခံသင့်ပါတယ်။ ပထမအချက်အနေနဲ့ ကျန်းမာရေးဘက်မှာ လူအင်အားနည်းနေချိန်ဖြစ်တဲ့အတွက် စစ်ဆေးလိုသူအားလုံးကို စစ်ဆေးပေးဖို့မလွယ်ပါဘူး။ တစ်မြို့နယ်လုံးမှာ တာဝန်ထမ်းဆောင်ဆဲ ဆရာဝန်တစ်ယောက်မှ မရှိတဲ့နေရာတချို့ရှိသလို ရှိတဲ့ဆရာဝန်ကိုယ်တိုင် ကိုဗစ်ကူးစက်ခံထားရတာမျိုးလည်း ရှိပါတယ်။ ဆရာဝန်အပြင် တခြားကျန်းမာရေးဝန်ထမ်းလည်း လျော့နည်းနေချိန်ဖြစ်ပါတယ်။ သံသယရှိသူအားလုံးကို ကျန်းမာရေးဌာနက စစ်ဆေးပေးနိုင်ဖို့က စစ်ပေးနိုင်တဲ့သူ အလုံအလောက်ရှိဖို့လိုတဲ့အပြင် စစ်ရမယ့်ပစ္စည်းပစ္စယတွေအတွက်ကလည်း ကုန်ကျစရိတ်ရှိနေတဲ့အတွက် ပြင်ပမှာစစ်ဆေးတာတွေကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုတစ်ရပ်အဖြစ် အသိအမှတ်ပြုလက်ခံပေးစေချင်ပါတယ်။

ရောဂါပိုးတွေ့ပြီးချိန်မှာလည်း ကုသရေးပိုင်းမှာ အခက်အခဲရှိပြန်ပါတယ်။ ဆေးရုံဆေးခန်းတွေမှာရှိတဲ့ အခြေခံအဆောက်အအုံနဲ့ ရှိနေတဲ့ လူအင်အားကိုသုံးပြီး မနားတမ်းကြိုးစားပမ်းစားကုသပေးနေကြတာမှန်ပါတယ်။ ဒါပေမဲ့ လက်ခံနိုင်တဲ့ အတိုင်းအတာထက် ကျော်လွန်နေတဲ့အခါ အနံ့ပျောက်၊ အရသာပျောက်တာလောက်ကို ကိုယ့်အိမ်မှာကိုယ်နေရင်းကုသပြီး စိုးရိမ်စရာအခြေအနေတစ်ခုခုဖြစ်မှ ဆေးရုံပြေးတက်ရတာမျိုးတွေ ရှိနေပါတယ်။ တကယ်တမ်းကျတော့ စိုးရိမ်ရတယ်၊ မစိုးရိမ်ရဘူးဆိုတာကလည်း ဆရာဝန်ရဲ့သုံးသပ်ချက်ကမှ မှန်နိုင်မှာပါ။ သာမန်လူနာက မသိနိုင်ပါဘူး။ အသက်ရှူကျပ်လာမှ၊ အမောဖောက်လာမှ၊ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်ကျော်လာမှ၊ သွေးတွင်းအောက်ဆီဂျင်ပမာဏ ၉၂ ရာခိုင်နှုန်းအောက် ကျလာမှ လူနာတင်ယာဉ်ခေါ်ပြီး ဆေးရုံပြေးပေမယ့် လူနာရဲ့ အသက်ကို မကယ်နိုင်လိုက်တာမျိုးတွေ ရှိပါတယ်။

လူနာတင်ယာဉ်နည်းတဲ့ နယ်မြို့တွေ၊ လူနာတင်ယာဉ် ရှိပေမယ့် ကိုဗစ်လူနာကို မတင်ဝံ့တဲ့နေရာတွေ၊ လူနာတင်ယာဉ်လုံးဝမရှိတဲ့ ကျေးလက်ဒေသတွေ အတွက်ဆိုရင် တစ်ခုခုဖြစ်လာမှ အချိန်မီထပြေးလာဖို့ဆိုတာ တော်တော်ကိုအခက်အခဲရှိပါတယ်။ သာမိုမီတာတို့၊ အောက်ဆီမီတာတို့ လုံးဝမရှိတဲ့ ဝေးလံခေါင်သီကျေးလက်ဒေသတွေမှာလည်း ဒီကပ်ရောဂါဖြစ်ပွားနေတာမို့ ဒီအချက်ကိုလည်း ထည့်သွင်းသုံးသပ်သင့်ပါတယ်။ ဆေးရုံဆေးခန်းလည်း မရောက်နိုင်၊ ကိုယ့်ဘာသာစနစ်တကျကုဖို့လည်း ခက်ခဲနေသူတွေအတွက် အလွယ်တကူနားလည်နိုင်မယ့် ယေဘုယျသဘောအကြံပြုချက်တွေ လိုပါတယ်။ အိမ်မှာနေတဲ့ ပိုးတွေ့လူနာအတွက် ဘယ်လိုနေထိုင်သင့်တယ်၊ ဘယ်လိုဆေးဝါးတွေ သောက်သုံးသင့်တယ်ဆိုတာကို သက်ဆိုင်ရာဝန်ကြီးဌာနက အကြံပြုချက်တွေ ဖြန့်ဝေပေးထားသင့်ပါတယ်။ ဥပမာ ‘ပြည်သူသို့ အသိပေးပန်ကြားချက်’ လိုမျိုး၊ ‘အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ (အနှစ်ချုပ်)’ လိုမျိုး အိမ်မှာနေတဲ့ ပိုးတွေ့လူနာတွေအတွက် လမ်းညွှန်ချက်တွေပေးသင့်ပါတယ်။

ပိုပြီးအန္တရာယ်ကင်း

ကိုယ်တိုင်ကုသတာကို ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကရော တခြားကျန်းမာရေးအဖွဲ့အစည်း တွေပါ အားမပေးကြပါဘူး။ အားမပေးတာကလည်း မမှားပါဘူး။ အရမ်းကုနည်းနဲ့ကုရင်လည်း ပျောက်ဖို့ မသေချာပါဘူး။ ဒါပေမဲ့ လက်တွေ့အခြေအနေအရ ရောဂါဖြစ်ပွားသူအားလုံးကို ကျန်းမာရေးဌာနက စောင့်ရှောက်မှုပေးနိုင်ဖို့ အခက်အခဲရှိနေတာကို လက်ခံရမှာပါ။ တချို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေမှာတောင် လူနာက ကိုယ့်အိမ်မှာကိုယ်နေရင်း ကိုယ့်အခြေအနေ ကိုယ်စစ်ဆေးပြီး ကျန်းမာရေးဌာနကို ပုံမှန်သတင်းပို့နေရတဲ့စနစ်မျိုး ကျင့်သုံးတာတွေ ရှိတယ်လို့သိရပါတယ်။ ဒီတော့ ကိုယ့်နိုင်ငံမှာ ကျန်းမာရေးဝန်ထမ်း အားနည်းနေချိန်၊ ဒီလိုစနစ်မျိုးကို တရားဝင်ကျင့်သုံးတဲ့အတွက် အရမ်းကုနည်းနဲ့စာရင် ပိုပြီးအန္တရာယ်ကင်းပါလိမ့်မယ်။ ဒါကြောင့် အိမ်မှာနေပြီး ကိုယ့်ဘာသာသက်သာအောင် ကြိုးစားမယ့်သူတွေအတွက် လမ်းညွှန်ချက်တွေ၊ အကြံပြုချက်တွေ တရားဝင်ထုတ်ပြန်ပေးရပါမယ်။

ဆိုရှယ်မီဒီယာမှာတော့ အကြံပြုချက်တွေ အများကြီးရှိနေပါတယ်။ အောက်ဆီဂျင်ကျရင် ခွေးတောက်ရွက်ရှူရမယ်လို့ အကြံပြုတဲ့သူလည်းရှိတယ်၊ ခွေးတောက်ရွက်ရှူရင် အန္တရာယ်ရှိတယ်လို့ ပြောတဲ့သူလည်းရှိတယ်။ မာလကာသီးစားရင် အောက်ဆီဂျင်တက်တယ်လို့ ဆိုသူလည်းရှိတယ်။ ဝမ်းလျားမှောက်အိပ်ပါလို့ တိုက်တွန်းတဲ့သူလည်းရှိတယ်၊ အဲဒီလိုအိပ်လို့ ဘယ်ဖြစ်မှာတုံးလို့ ပြောတဲ့သူလည်း ရှိလေရဲ့။ လူနာက ဘာကိုယုံပြီးဘယ်လိုနေရမယ်မှန်း မသိဘဲဖြစ်သွားရော။ ဒါကြောင့် လူနာအတွက် လမ်းညွှန်ချက် လိုအပ်ပါတယ်။ ဘာဆေးတွေ သောက်ရမလဲ၊ ဘယ်လိုနေထိုင်ရမလဲ၊ ဘာတွေ စားသောက်သင့်သလဲ၊ ဘာတွေ ရှောင်သင့်၊ ဆောင်သင့်သလဲ စသဖြင့်ပေါ့။

> ❛ကိုယ်တိုင်ကုသတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကရော တခြားကျန်းမာရေး အဖွဲ့အစည်းတွေပါ အားမပေးကြပါဘူး။ ဒါပေမဲ့လက်တွေ့အခြေအနေအရ ရောဂါဖြစ်ပွားသူအားလုံးကို ကျန်းမာရေးဌာနက စောင့်ရှောက်မှုပေးနိုင်ဖို့ အခက်အခဲရှိနေတာကို လက်ခံရမှာပါ။ တချို့ ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေမှာတောင် လူနာက ကိုယ့်အိမ်မှာကိုယ်နေရင်း ကိုယ့်အခြေအနေ ကိုယ်စစ်ဆေးပြီး ကျန်းမာရေးဌာနကို ပုံမှန်သတင်းပို့နေရတဲ့စနစ်မျိုး ကျင့်သုံးတာတွေ ရှိတယ်လို့ သိရပါတယ်။ ဒီတော့ ကိုယ့်နိုင်ငံမှာ ကျန်းမာရေးဝန်ထမ်း အားနည်းနေချိန်၊ ဒီလိုစနစ်မျိုးကို တရားဝင်ကျင့်သုံးတဲ့အတွက် အရမ်းကုနည်းနဲ့စာရင် ပိုပြီးအန္တရာယ်ကင်းပါလိမ့်မယ်❜

Home Quarantine နေနိုင်ဖို့

နောက်တစ်ချက်ကတော့ လူနာတွေနေမယ့်နေရာပါ။ အိမ်မှာနေဖို့အတွက် ကိုယ်ပိုင်ခြံဝင်းနဲ့ လုံးချင်းအိမ်၊ လူနေကျဲပါးတဲ့ရပ်ကွက်၊ ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပါတဲ့ သီးခြားအခန်းရှိရမယ် ဆိုပေမယ့် မြို့ပြဆင်ခြေဖုံးက အခြေခံလူတန်းစားတွေနဲ့ ကျေးလက်နေပြည်သူတွေအတွက်က စံသတ်မှတ်ချက်တွေနဲ့အညီ Home Quarantine နေနိုင်ဖို့ ခက်ပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်မှာရှိနေတဲ့ အခြေခံပညာကျောင်းတွေကို ရပ်ရွာက လိုအပ်တဲ့အချိန်မှာအသုံးပြုနိုင်ဖို့ ခွင့်ပြုပေးသင့်ပါတယ်။ ကျောင်းတွေက ရက်အကန့်အသတ်မရှိ ပိတ်ထားပြီး ကပ်ရောဂါကို အတန်အသင့်ထိန်းချုပ်နိုင်ချိန်ကျမှ ပြန်ဖွင့်မယ်ဆိုရင် ကြားကာလအတွင်းမှာ ကုသဖို့နေရာ၊ အသွားအလာကန့်သတ်ဖို့နေရာအဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ကပ်ရောဂါကို အန်တုနိုင်ဖို့အတွက် လုပ်ဆောင်စရာအချက်အလက်တွေ အများကြီးရှိပါတယ်။ လူစုလူဝေးရှောင်ကြဉ်ဖို့ အကြံပြုထားပေမယ့် စားဝတ်နေရေးအရ မရှောင်နိုင်ဘဲဖြစ်နေတာတွေ၊ လူစုလူဝေးအခမ်းအနားတွေ မလုပ်ကြဖို့ တားမြစ်ထားပေမယ့် အကြောင်းကြောင်းတွေကြောင့် ပွဲကျင်းပနေကြတာတွေ၊ ပုံစံမျိုးစုံနဲ့ စုဝေးနေကြတာတွေ ရှိနေပါတယ်။ ထိန်းသင့်တာတွေကို ထိန်းကြရမှာဖြစ်သလို ဖြစ်နိုင်သမျှပူးပေါင်းပါဝင်လိုက်နာပေးကြရမှာပါ။

‘ပညာရှာ ပြည်သာမှ၊ စီးပွားရှာ ပြည်နာမှ’တဲ့။ ကပ်ရောဂါဆိုးကြောင့် ကိုယ့်ပြည်သာမက တစ်ကမ္ဘာလုံး အထိနာနေတဲ့အချိန်မှာ အခြေခံစားသောက်ကုန်တွေသာမက ဆေးဝါးတွေ၊ နှာခေါင်းစည်းတွေ၊ လက်သန့်ဆေးတွေလည်း သိသိသာသာဈေးတက်လာကြပါတယ်။ တချို့ရောင်းတဲ့သူတွေကျတော့လည်း ‘ဝယ်ရင်းဈေးကိုက တက်နေတော့ တင်ရောင်းရတော့တာပဲဗျာ’တဲ့။ သာမန်လက်လုပ်လက်စား အခြေခံလူတန်းစားတစ်ယောက်က အပြင်ထွက်တိုင်း နှာခေါင်းစည်းအသစ်တပ်သွားပြီး အိမ်ပြန်အရောက်မှာ သုံးပြီးသားနှာခေါင်းစည်းကို စွန့်ပစ်နိုင်ဖို့ အခက်အခဲရှိပါတယ်။ ဈေးတွေကကြီးနေတာ။ စားရေးသောက်ရေးမှ အနိုင်နိုင်မဟုတ်လား။ ဘာဆေးညာဆေးတွေ ကြိုသောက်ထားသင့်တယ်ဆိုပြန်တော့ မကြားဖူးတဲ့ဈေးနှုန်းတွေအထိ တက်နေကြပြီလေ။

ဝင်ငွေနည်းပြည်သူတွေကို ငဲ့ညှာသင့်

စီးပွားရေးလုပ်တယ်ဆိုတာကတော့ အကျိုးအမြတ်အတွက်ပါပဲ။ ဒါပေမဲ့ အကျိုးအမြတ်ကိုချည်း ရှေ့တန်းတင်ပြီး အဆမတန်ဈေးမြှင့်ရောင်းတာတွေကိုတော့ အထူးသဖြင့် ကပ်ဘေးကျရောက်နေတဲ့အချိန်မှာ ရှောင်ရှားသင့်ပါတယ်။ ဝင်ငွေနည်းပြည်သူတွေကို ငဲ့ညှာသင့်ပါတယ်။

စီးပွားရေးသမားအားလုံး ကိုယ်ကျိုးကြည့်ပြီး ဈေးတွေ အဆမတန်တက်နေကြတာမျိုးတော့ မဟုတ်ပါဘူး။ ကြက်ဥတစ်လုံး တစ်ရာ့ငါးဆယ်နှစ်ရာအထိဖြစ်နေချိန်မှာ တစ်လုံးတစ်ရာနဲ့ ရောင်းပေးတာတွေ၊ အခမဲ့ဝေငှပေးတာတွေ လုပ်နေတဲ့ လုပ်ငန်းရှင်ကြီးတွေလည်း အများကြီးရှိကြပါတယ်။ တကယ်ကို ချီးကျူးဂုဏ်ပြုသင့်တဲ့ လုပ်ရပ်တွေပါပဲ။

ကပ်ရောဂါထိန်းချုပ်ရေးကို နိုင်ငံအသီးသီးက ပုံစံအမျိုးမျိုးနဲ့ ချဉ်းကပ်ကိုင်တွယ်ဖြေရှင်းနေကြပါတယ်။ တခြားနိုင်ငံတွေမှာ အားနည်းချက်၊ အားသာချက်တွေရှိသလို ကိုယ့်နိုင်ငံမှာလည်း အားနည်းချက်၊ အားသာချက်တွေရှိပါတယ်။ အားနည်းချက်ကတော့ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှုပြဿနာနဲ့ အခြေခံအဆောက်အအုံ မပြည့်စုံမှုပြဿနာပါ။ လူ့စွမ်းအားအရင်းအမြစ်ကတော့ ရေတိုကာလအတွင်းမှာ ဖြည့်ဆည်းဖို့ မလွယ်ပါဘူး။ ရှိတဲ့အရင်းအမြစ်ကို အထိရောက်ဆုံး အသုံးပြုကြရမှာပါ။ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ကျန်းမာရေးဝန်ထမ်းတွေလည်း ဘယ်လောက်ပင်ပန်းနေကြမလဲဆိုတာ အားလုံး အသိပါပဲ။

စာမျက်နှာ ၂၃ သို့ ✪

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင် တင်သွင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ထိန်းချုပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည်။

ပူးပေါင်းဆောင်ရွက်

ရုံးပိတ်ရက်ကာလအတွင်း အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၈၀၁ ခု၊ Test Kit ၃၃၉၄၂ ခု တို့အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ တာချီလိတ်၊ ကန်ပိုက်တီ၊ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) တန် ၂၀၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၃၃ တန်၊ အောက်ဆီဂျင် (Generator) ငါးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၂၂၄၈ ခု၊ Test Kit ၆၃၉၄၂ ခုနှင့် နှာခေါင်းစည်း ၂၁ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၃၈ ခုမှ ယာဉ်အစီးရေ ၆၉ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ယာဉ်အစီးရေ ၁၄၆ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် ၁၃၃ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၃၂ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၃၈ တန်၊ အောက်ဆီဂျင် (Generator) ငါးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၂၈၀၃ ခု၊ Test Kit ၁၃၅၉၄၂ ခု၊ နှာခေါင်းစည်း ၁၈၃ တန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၈၄၅၄ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ် သည်။

တင်သွင်းခွင့်ပြု

ဇူလိုင်လအတွင်း ယာဉ်အစီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၈၀၇၈ ခု၊ နှာခေါင်းစည်း ၁၁၀၄ တန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ(Contact Person)များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၁၀၀ မှ 94 Mask ၁၁၄၃၀၊ Flow Meter ၆၇၄ ခု၊ Oxygen Regulator ၃၂၃ ခု၊ Oximeter ၄၈၀၈၂ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၈၀၁ ခု၊ Oxygen Mask ၅၁၅၀၊ Test Kit ၃၃၉၄၂ခု၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၆၉၇၇၅ ဒသမ ၉၆ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၅၆ ခုမှ Oxygen Generator ငါးခု၊ နှာခေါင်းစည်း ၁၈၀၀၀၊ kg၊ Liquid Oxygen ၁၅၃၇၄ ဒသမ ၅၂ ကုဗမီတာ၊ Nasal Cannula ၅၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅၀၀၀၊ Test Kit ၃၀၀၀၀၊ KN95 Mask ၅၀၀၀၊ Surgical Mask ၅၀၀၀၀၀၊ Exam Gloves ၁၀၀၀၀၀၊ Oximeter ၄၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၄၅၄ ခု၊ Flow Meter ၁၂၃၅ ခု၊ Oxygen Mask ၇၀၀၊ Oxygen Regulator ၂၃၉၆ ခု၊ Oxygen Cylinder ၁၄၆၁၂ ခု၊ Oxygen Cylinder Trolley ၂၀၀တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၂၂ မှ

ဝန်ထမ်းမလုံလောက်တဲ့ ပြဿနာအတွက် စေတနာ့ဝန်ထမ်းတွေရဲ့ ပူးပေါင်းပါဝင်မှု အားကောင်းလာစေမယ့်အစီအစဉ်တွေ အကောင်အထည်ဖော်ဆောင်ရွက်သင့်သလို ပြင်ပပရဟိတအဖွဲ့အစည်းတွေက အခမဲ့ဖြစ်စေ၊ အခပေးစနစ်နဲ့ဖြစ်စေ စစ်ဆေးပေးနေတာတွေကိုလည်း အသိအမှတ်ပြုပေးသင့်ပါတယ်။ အခြေခံအဆောက်အအုံမပြည့်စုံမှုအတွက်လည်း စာသင်ကျောင်းလို၊ ခန်းမလို အဆောက်အအုံတွေကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့် အတန်အသင့် ပြေလည်စေမှာဖြစ်ပါတယ်။

အားသာချက်အနေနဲ့ကတော့ ကပ်ရောဂါထိန်းချုပ်ရေးအတွက် တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနေကြသူတွေရှိသလို အသက်ကို မငဲ့ကွက်ဘဲ ကိုယ့်စရိတ်ကိုယ်စားပြီး လူနာပို့ဆောင်ပေးနေသူတွေ၊ သေဆုံးသူတွေကို သင်္ဂြိုဟ်ပေးနေတဲ့အဖွဲ့အစည်းတွေရှိနေတာပါပဲ။ မြန်မာ့စိတ်ရင်းကတကယ်ကို လေးစားကြည်ညိုစရာကောင်းပါတယ်။ ကိုယ်နဲ့ကိုယ့်မိသားစုအတွက်ငဲ့မနေနိုင်ဘဲ၊ ရောဂါကူးစက်မယ့်အန္တရာယ်ကိုတောင် မမှုနိုင်ဘဲ အများအကျိုးအတွက် ကူညီဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်မွန်တွေ အများကြီးရှိနေကြပါတယ်။ ဒါက တကယ့်ကိုဂုဏ်ယူစရာအချက်တစ်ခုပါ။

လက်ရှိကျင့်သုံးနေတဲ့ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေက ၁၉၉၅ ခုနှစ် မတ်လ ၂၀ ရက်နေ့က ပြဋ္ဌာန်းခဲ့တာပါ။ ကာလရွေ့လျောလာတာနဲ့အမျှ အားနည်းချက်အချို့လည်းရှိနေပါတယ်။ ဒီအတွက် ဥပဒေသစ်ပြဋ္ဌာန်းဖို့ ဥပဒေကြမ်းအသင့်ရှိနေတာကြာပြီဖြစ်ပါတယ်။ ဥပဒေကြမ်းကတည်ဆဲဥပဒေထက် အားသာချက်တွေရှိနေတာကိုလည်း တွေ့ရပါတယ်။

စဉ်းစားစရာတွေကတော့ အများကြီးပါ။ ဖြစ်နိုင်ခြေရှိတာတွေကို အားလုံးထည့်သွင်းစဉ်းစားပြီး လက်တွေ့ကျတာတွေကို အားလုံးပူးပေါင်း အကောင်အထည်ဖော်ကြည့်ကြရမှာပါပဲ။

'ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ'သေခြင်းတရားက ရောက်လာနိုင်တယ်ဆိုတာ ဒီကနေ့ လက်တွေ့မျက်မြင်ပါ။ သတင်းစာရဲ့နာရေးကြော်ငြာတွေကိုကြည့်လိုက်ရင်၊ လူမှုကွန်ရက်ပေါ်က နာရေးသတင်းတွေကို ကြည့်လိုက်ရင် ကိုယ်နဲ့မသိတဲ့သူတွေရော၊ ကိုယ်နဲ့ရင်းနှီးချစ်ခင်ရသူတွေပါ နေ့စဉ်နဲ့အမျှ လူ့လောကကြီးကို စွန့်ခွာသွားကြတာကို တွေ့နိုင်ပါတယ်။ ဒီကပ်ဆိုးကို ကြိုးစားပြီးအန်တုနိုင်မှတန်ကာကျတော့မယ်ဆိုတာလည်း ပြောစရာမလိုတော့လောက်အောင်ပါပဲ။

ကိုဗစ်ကိုအန်တုနိုင်ဖို့ အားလုံးကြိုးစားကြပါစို့။ ။

(၂-၈-၂၀၁၂ မှ အဆက်)

- ၉ -

"ပန်းကလေးများ ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ။
နေခြည်မှာ ရွှေရည်လောင်း
ငါတို့စာသင်ကျောင်း"

မူကြိုကျောင်းတက်စ။ ကျောင်းစာဆိုသည်မှာ ကဗျာလေး ရွတ်လိုက်၊ သီချင်းလေးဆိုလိုက်ဟုသာ သိနေသော သားထံမှ ဟုတ်တိပတ်တိ စာရွတ်နေသံကြားသောအခါ သက်သက်ရင်ထဲ ကြည်နူးသွားသည်။

ဝလုံးနှင့် ကကြီး ခခွေးသာ ရေးတတ်သေးသော်လည်း သူငယ်တန်း ဖတ်စာအုပ်ကြီး ရှေ့ချ၍ ကြုံရာ စာမျက်နှာလှန်ကာ ဟန်ကြီးပန်ကြီးနှင့် စာဖတ်နေသည့် သားသားကိုကြည့်၍ ရယ်လည်း ရယ်ချင်သည်။ သဘောလည်းကျသည်။

ဘာပဲဖြစ်ဖြစ် ဖတ်စာအုပ် စာမျက်နှာပေါ်မှ အရုပ်လေးများကို ကြည့်၍ သားသား စာရွတ်တတ်နေတာတော့ သေချာပြီ။ သားသား ဉာဏ်ကောင်းသည်ဟု သက်သက် တွေးလိုက်၏။ သက်သက် စိတ်ထဲ ချမ်းသာသည်။ ရင်ထဲမှ တီးတိုးစကားဖြင့်လည်း

"စာကြိုးစားပါ သားရယ်၊ ပညာတွေ အများကြီးတတ်အောင် သင်ပြီး လူတိုင်းက လေးစားရတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်ကြီး တစ်ယောက်ဖြစ်အောင် ကြိုးစားလိုက်စမ်းပါ"

သားကို ကြည်နူးနေရင်း အတွေးက တစ်နေရာ ရောက်သွားသဖြင့် သက်သက် စိတ်ထဲ ညှိုးငယ်သွားသည်။

နိုင်လင်းနှင့် ပတ်သက်၍ ကြားရသည့် သတင်းများက သိပ်မကောင်းတော့။

"မဟုတ်ပါဘူး။ မဟုတ်ပါဘူး" ဟု ဖွတ်ငြင်းနေသည့်ကြားက ပတ်ဝန်းကျင်တွင် မြမိုးသူနှင့် သူတို့၏ သတင်းများက ဟိုနားတစ်စ၊ သည်နားတစ်စ ပိုကြားလာရပြီး ပို၍ ပြန့်ကားလာသည်။

မနှစ်က နှစ်လယ်လောက် ခင်မြင့်ဆွေဆီက စကြားစဉ်ကမူ ဖြစ်ကောင်းမှ ဖြစ်လိမ့်မည်ဟု သက်သက် ဖြေတွေးခဲ့သေးသည်။

သို့သော် ထိုသတင်းက ပျောက်ပျက်ပြယ်လွင့်မသွားဘဲ လပေါင်းများစွာ ဆက်တည်တံ့နေသောအခါ ဟုတ်များ ဟုတ်နေမလားဟု ပူပန်စိတ်က တိုးမလာဘဲ နေ၍ မရတော့။

ခက်သည်က ဒါမျိုးကိစ္စကလည်း ကာယကံရှင်များက ဖွင့်ပြောလျှင် ပြော၊ မပြောလျှင် ကိုယ်တိုင် လက်ပူးလက်ကြပ်မိမှ သေချာသည့်ကိစ္စ။

သည်လို တွဲသွားတွဲလာလောက်နှင့်ကတော့ ငြင်းသူကလည်း ငြင်းနိုင်သည်။ ထင်သူကလည်း ထင်ရုံမှအပ ဘာမှ တပ်အပ် မပြောတတ်။ သူတို့အလုပ်က သည်လို မသွားမလာလို့ကို မဖြစ်သည့် အလုပ်မျိုး။

သက်သက်ရင်ထဲမှာ မငြိမ်းနိုင်သော မီးတစ်မျိုးကို ပစ်မရ၊ ဖယ်မရနှင့် သိမ်းဆည်းမျိုသိပ်ထားရသည်မှာ ကြာပြီ။ အဆိုးဆုံးက ကိုယ့်ယောကျ်ား ကိုယ်မယုံကြည်ခြင်းပင်။ ကိုယ့်ယောကျ်ားက သစ္စာရှိရှိ၊ တည်တည်ကြည်ကြည် ယောကျ်ားမျိုးသာဆိုလျှင် သည်လို ပူနေရမှာမဟုတ်။

မလွဲသာလို့ ကြုံရဆုံရသည့်တိုင်အောင် တစ်ဖက်က လွန်ကဲလွန်းအားကြီး၍ ဖြစ်ရတာမျိုးကြောင့်သာ ဖြစ်နိုင်ပြီး တော်ရုံတန်ရုံ အခြေအနေမျိုးမှာ တစ်စက်မှ စိုးရိမ်နေစရာမရှိ။

ဘေးစကားလောက်ကို သက်သက်မမှု။ ယုံစေချင်လွန်းအားကြီး၍ ဖြစ်ရတာမျိုးကြောင့်သာ ဖြစ်နိုင်ပြီး တော်ရုံတန်ရုံ အခြေအနေမျိုးမှာ တစ်စက်မှ စိုးရိမ်နေစရာ မရှိ။

ဘေးစကားလောက်ကို သက်သက်မမှု။ ယုံစေချင်လွန်းအားကြီး၍ ယုန်တစ်ကုဋေ ငုံပြောတောင် ကိုယ့်လူကို စိတ်ချမှုဖြင့် စိတ်အေးစွာ မယုံမိမှာ အမှန်ပင်။

ခုတော့ နိုင်လင်းဆိုသည့် ကိုယ့်လင်က ကိုယ့်တောင် သည်လိုအချိုးမျိုးဖြင့် ယူထားသော လင်မျိုး။

နောက်တစ်ခုက ဝဋ်။ တစ်ချိန်က

တစ်ဖက်သား၏ ဇနီး မယားတစ်ယောက်ကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်ခဲ့သော ဝဋ်။ ညမအိပ်နိုင်၊ နေ့မစားနိုင် စိတ်ဒုက္ခရောက်အောင် ပြုမိသော ဝဋ်သည် မလည်ဘဲ နေမည်မဟုတ်။ ငရဲဆိုသည်က နောက်မှကြီးမည့်ကိစ္စ။ ဝဋ်က ကာလအတိုအရှည်သာခြား၍ ထာဝရရှိနေသည့်အရာ။ "ဝဋ်မှာအမြဲ ငရဲမှအပ" ဆိုသည့်စကားသည် ရှေးလူဟောင်းတို့ "အညောင်းပြေ အပျင်းပြေ" ပြောခဲ့သည့် စကားမဟုတ်။

သက်သက်တွေးရင်း မျက်ရည်လည်လာသည်။

မှန်တာပြောရလျှင် သက်သက် သူ့ကိုယ်သူ သည်လောက်မပူ။ ကိုယ့်မိုက်ပြစ်နှင့်ကိုယ်မို့ ဘာပဲဖြစ်လာလာ ရင်စည်းခံဖို့ အသင့်ရှိသည်။ သက်သက် မကြောက်။

သို့သော် ဝဋ်ကြွေးက အရင်း သက်သက်သာ ပြန်ဆပ်ရမည်မဟုတ်။ သားသားဆိုသော အတိုးက နှုန်းကြီးကြီးနှင့် ပါလာသည်။ အကယ်၍ နိုင်လင်းသာ မြမိုးသူနှင့် တတိယမ္ဗိ အိမ်ထောင်ကို ထူထောင်လိုက်ပါက သူ့တုန်းက မမဦး ခံစားရတာထက် သူက နှစ်ပြန် ခံစားရဖို့ ဖြစ်နေပြီ။

သူ့တုန်းက သားသမီးမရှိသော မမဦးကို ပုံမပျက် နေခွင့်ပြုသည့်အတွက် ဘာပြဿနာမှ မပေါ်နိုင်။ မြမိုးသူကျတော့ သည်လို နေခွင့်ပြုနိုင်ပါ့မလား။ "တစ်" လည်းရှိသည်။ "နှစ်"ကလည်း သားတစ်ယောက်နှင့်။ "သုံး"သည် မလွဲမသွေ တစ်နှင့် နှစ်ကို ပြတ်ပြတ်ရှင်းရှင်းလုပ်ပေးရန် တောင်းဆိုပေလိမ့်မည်။

နိုင်လင်းသည် "နှစ်"တုန်းကလည်း "တစ်"ကိုပြတ်အောင်ကြိုးစားခဲ့သေးသည်။ အခြေအနေအရကြောင့်သာ ခုလိုငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ "သုံး" ဖြစ်သော မြမိုးသူက "တစ်"နှင့် "နှစ်"ကို ရှင်းခိုင်းလျှင်လည်း နိုင်လင်း ရှင်းမည်မှာမုချ။

ကိုယ်က ရှင်းမပေးဘူးဆိုသည့်တိုင် တစ်ခါက သူ့စကားအတိုင်း သားစရိတ်၊ မယားစရိတ် ထောက်ပံ့ရုံလောက်သာ ဆက်ဆံတော့မည်မှာ သေချာသည်။ နိုင်လင်းစကားကို သက်သက်မမေ့။ မမဦး မကွာပေးနိုင်ဟု ပြောစဉ်က နိုင်လင်း ပြောခဲ့သည့်စကား။ ရွှေမော်ဓောဘုရား ရင်ပြင်ပေါ်မှာ ဘုရားရှေ့ထား၍ ပြောခဲ့သည့်စကား။

"ဂရုစိုက်စရာမလိုပါဘူး သက်သက်ရယ်... ။ ကိုယ်က ယောကျ်ားပဲ။ မိန်းမတစ်ယောက်က ယောကျ်ားကို ကွာချင်ရင်သာ ခက်တာပါ။ ယောကျ်ားတစ်ယောက်က မိန်းမကို ကွာတာက ဘာပြဿနာမှ မရှိပါဘူး။ ကွာတယ်ကွာဆိုပြီး အိမ်ပေါ်ကဆင်းတာနဲ့ ကိစ္စပြတ်ပါတယ်"

"ဟင်း..."

သက်သက် သက်ပြင်းတစ်ချက် လေးကန်စွာ ချမိ၏။ အကယ်၍ အဲသည်လိုပုံသာ သူ့ကို လုပ်သွားခဲ့လျှင် သားသားသည် အဖမဲ့သား ဖြစ်ရချေတော့မည်။ ဖခင်ဆိုသည်မှာ လက်ညှိုးထိုးပြစရာနှင့် ကျောင်းဝင်ခွင့်များ၊ မှတ်ပုံတင်ပြုရန်သာ ရှိပေတော့မည်။ အဖ၏မေတ္တာနှင့် အဖ၏အုပ်ထိန်းမှုကို သူ ဘယ်ကသွားရတော့မည်နည်း။

အရပ်ထဲက သူငယ်ချင်းများ၊ ကျောင်း၊ အတန်းထဲက သူငယ်ချင်းများ ရှိလာသောအခါ မင်းအဖေကော၊ အိမ်မှာလည်း မတွေ့ပါလားဟု မေးလျှင် သူ ဘယ်သို့ ဖြေမည်နည်း။

အကြောင်းအကျိုး သိတတ်ဆင်ခြင်တတ်သော အရွယ်ရောက်လျှင်ကော ရှက်ခြင်း၊ ကြောက်ခြင်းများ သူ့တွင် မဖြစ်ပေါ်လာနိုင်ဘူးလား။ ထိုသို့ ဖြစ်ပေါ်လာသော သူ့စိတ်ဓာတ်သည်လည်း သန့်ရှင်းသော မိဘများ၏ သားသမီးများကဲ့သို့ ကြံ့ခိုင်မာကျောနိုင်ပါ့မည်လား။

"သိတတ်စကတည်းက စိတ်ဓာတ်အားငယ် ချောက်ချားနေရသော ကလေးငယ်၏ အနာဂတ်သည်"၊ သက်သက် ဆက်ပြီး မတွေးရဲတော့သဖြင့် မျက်လုံးအစုံကို စုံမှိတ်ထားလိုက်သည်။ နားထဲသို့ စောစောက စာကိုပင် ထပ်ပြန်တလဲလဲ ဖတ်နေသည့် သားသား၏ အသံလွင်လွင်လေး ဝင်လာသည်။

"ပန်းကလေးများ ပွင့်တော့မည် ... ဖူးတံဝင့်လို့ချီ "

သက်သက်၏ မှိတ်ထားသော မျက်ခွံများကို တိုးဖွေ့ထွက်လာလျက် မျက်ရည်ပူများ လိမ့်ဆင်းလာသည်။

သားလေးသည် သူဆိုနေသည့် ကဗျာလေးထဲက ပန်းကလေးများလိုမှ လန်းလန်းဆန်းဆန်း ပွင့်နိုင် ဝင့်နိုင်ပါမည်လား။

သားသားအပေါ် ကျရောက်နေသော လောင်းရိပ်မည်းကြီးသည် ကြီးလွန်းလှ၏။

x x x x x

ဆက်လက်ဖော်ပြပါမည်

အကြောင်းအကျိုး သိတတ်ဆင်ခြင်တတ်သော အရွယ်ရောက်လျှင်ကော ရှက်ခြင်း၊ ကြောက်ခြင်းများ သူ့တွင် မဖြစ်ပေါ်လာနိုင်ဘူးလား။ ထိုသို့ ဖြစ်ပေါ်လာသော သူ့စိတ်ဓာတ်သည်လည်း သန့်ရှင်းသော မိဘများ၏ သားသမီးများကဲ့သို့ ကြံ့ခိုင်မာကျောနိုင်ပါ့မည်လား။ "ပန်းကလေးများ ပွင့်တော့မည်... ဖူးတံဝင့်လို့ချီ" သက်သက်၏ မှိတ်ထားသောမျက်ခွံများကို တိုးဖွေ့ထွက်လာလျက် မျက်ရည်ပူများ လိမ့်ဆင်းလာသည်။ သားလေးသည် သူဆိုနေသည့် ကဗျာလေးထဲက ပန်းကလေးများလိုမှ လန်းလန်းဆန်းဆန်း ပွင့်နိုင် ဝင့်နိုင်ပါမည်လား။

(ဆရာနှမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
စာတည်း

အနုပညာ

စံချိန်သစ်တင်လိုက်တဲ့ ဂျေဟုပ်ရဲ့ Hope World

ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဂျေဟုပ်ဟာ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Hope World ဟာ လက်ရှိမှာ အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ ထိပ်ဆုံးမှ ရပ်တည်နေကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးသီချင်းဟာ ဩဂုတ် ၃ ရက်မှာ နီပေါနိုင်ငံရဲ့ အိုင်ကျွန်းတေးဂီတဇယားရဲ့ နံပါတ်တစ်နေရာ ရရှိခဲ့ပါတယ်။ ဒါကြောင့် အဆိုပါ တေးသီချင်းဟာ ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ ဒေသပေါင်း ၁၀၉ ခုရဲ့အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှုနဲ့အတူ ဂျေဟုပ်ဟာ အိုင်ကျွန်းတေးဂီတဇယားမှာ နိုင်ငံနဲ့ဒေသအများဆုံးကို ဦးဆောင်နိုင်တဲ့ တေးသံရှင်တစ်ဦးအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ပါပြီ။ ယခင်က အဆိုပါစံချိန်ကို တေးသံရှင်ဘီယွန်းစေးက ရရှိခဲ့တာဖြစ်ပြီး ဘီယွန်းစေးရဲ့ တေးသီချင်း Lemonade ဟာ အိုင်ကျွန်းတေးဂီတဇယား ၁၀၈ ခုကို ဦးဆောင်နိုင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ခရစ်ယူနှင့်ငွေးကိုထောက်ခံသူ ၁၀၀၀ နီးပါး လူမှုကွန်ရက်မီဒီယာမှ ပယ်ဖျက်ခံရ

ပေကျင်းမှာ လတ်တလော ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ခရစ်ယူနဲ့ ငွေးကိုထောက်ခံကြောင်း စာတွေ ရေးသားဖော်ပြခဲ့ကြတဲ့ ပရိသတ် ၁၀၀၀ နီးပါးခန့်ကို တရုတ်လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဝီဘိုကအကောင့်ပိတ်ပင်တာတွေ၊ ပယ်ဖျက်တာတွေ လုပ်ဆောင်ခဲ့ကြောင်း၊ အခြားသော တရုတ်လူမှုကွန်ရက်မီဒီယာတွေကလည်း ခရစ်ယူနဲ့ပတ်သက်တာတွေကို ပယ်ဖျက်တာတွေ လုပ်ဆောင်ခဲ့တာတွေ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခရစ်ယူဟာ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာတော့ တရုတ်မှာ တေးသံရှင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်ခဲ့သူပါ။ သူဟာပြီးခဲ့တဲ့လအတွင်း လိင်အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး စွပ်စွဲခံခဲ့ရကာ ဇူလိုင် ၃၁ ရက်က ပေကျင်းမှာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတာ ဖြစ်ပါတယ်။

တရုတ်မှာ မွေးဖွားခဲ့တဲ့ ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ခရစ်ယူကို အသက် ၁၈ နှစ်အရွယ်ကျောင်းသူတစ်ဦးဖြစ်တဲ့ ဒူမိုင်ဇူက သူ့အပေါ် လိင်အကြမ်းဖက်ခဲ့ကြောင်း စွပ်စွဲခဲ့တာဖြစ်ပါတယ်။ ဒူမိုင်ဇူက ခရစ်ယူနဲ့ပတ်သက်ပြီး လူမှုကွန်ရက်မီဒီယာပေါ်မှာ ထုတ်ဖော်ရေးသားခဲ့ပြီးနောက် အခြားသော အမျိုးသမီးတွေကလည်း သူတို့အပေါ် ခရစ်ယူအနေနဲ့ အလားတူဖြစ်ရပ်မျိုး ကျူးလွန်ခဲ့ကြောင်း ထုတ်ဖော်ရေးသားလာကြတာကို တွေ့ရပါတယ်။

ခရစ်ယူရဲ့ ပြဿနာအပေါ် အချို့သော နာမည်ကျော် အနုပညာရှင်တွေအပါအဝင် ပရိသတ်တွေက ခရစ်ယူဘက်ကနေပြီး ထုတ်ဖော်ပြောကြားတာ၊ ရေးသားဖော်ပြတာတွေရှိခဲ့ပါတယ်။ ကျော်ကြားတဲ့ စာရေးဆရာတစ်ဦးဖြစ်သူ ကျန်းရှင်းက ရုပ်သံအစီအစဉ်တစ်ခုမှာ ခရစ်ယူဘက်က လိုက်ပါပြောကြားခဲ့ပြီး ဒီလိုပြောဆိုမှုကြောင့်ပဲ ဝီဘိုက သူ့ရဲ့အကောင့်ကို ပိတ်ပင်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် အဆိုပါ အစီအစဉ်ကို တင်ဆက်ခဲ့တဲ့ နာမည်ကြီး အစီအစဉ်တင်ဆက်သူတစ်ဦးကိုလည်း ဝီဘိုကအကောင့်ကို ပိတ်ပစ်ခဲ့ရာ ၎င်းတို့က တောင်းပန်စကား တရားဝင်ပြန်လည်ပြောကြားခဲ့ကြကြောင်းလည်း သိရပါတယ်။

တရုတ်နိုင်ငံထုတ် Harper’s Bazaar မဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်ဟောင်း စုမန်းအပါအဝင် ခရစ်ယူဘက်က လိုက်ပါရေးသားဖော်ပြခဲ့ကြတဲ့ လူတွေရဲ့ အကောင့်တွေကို ဝီဘိုက ဩဂုတ် ၁ ရက်မှာ ဆိုင်းငံ့တာတွေ၊ ပိတ်ပင်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့တာနဲ့ပတ်သက်ပြီး ဝီဘိုကုမ္ပဏီဘက်က ခရစ်ယူ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတဲ့အပေါ် သူတို့ရေးသားဖော်ပြခဲ့ကြတဲ့ အထင်မှားစေတဲ့ မှတ်ချက်များကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် Louis Vuitton အပါအဝင် ဒီဇိုင်ကျော်တဲ့ နာမည်ကျော် ကုန်အမှတ်တံဆိပ်တွေကလည်း ခရစ်ယူနဲ့ ဆက်နွှယ်မှုတွေကို ဖျက်သိမ်းခဲ့တာ တွေ့ရပါတယ်။ ပေကျင်းရဲတွေကတော့ ခရစ်ယူ စွပ်စွဲခံနေရတာနဲ့ပတ်သက်ပြီး စုံစမ်းနေဆဲဖြစ်ကြောင်း ပြီးခဲ့တဲ့လအတွင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမားဝန်ကြီးဌာန
နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

စဉ်	ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်)	ခန့်ထားမည့် ရာထူးနေရာ	အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း
(က)	ဒု-ဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)	၇ နေရာ	ဥပဒေဘွဲ့(LLB)၊ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English)၊ စီးပွားရေးဘွဲ့(B.Com)၊ ကွန်ပျူတာဘွဲ့ (B.C.Sc သို့မဟုတ် B.C.Tech သို့မဟုတ် B.SC (Computer Science))
(ခ)	အငယ်တန်းစာရေး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	၃၆၆ နေရာ	ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိရမည်။
(ဂ)	ယာဉ်မောင်း-၅(အမျိုးသား) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	၉ နေရာ	အခြေခံပညာအလယ်တန်းအဆင့်၊ ယာဉ်မောင်း လိုင်စင် (ခ) ရှိရမည်။
(ဃ)	ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၃၂ နေရာ	အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။
(င)	အစောင့်(အမျိုးသား) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၁၃ နေရာ	အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။
(စ)	သန့်ရှင်းရေး/သန့်ရှင်းရေးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၁၅ နေရာ	အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများ၏ ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများ/ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်)/ လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ် (က)နှင့် (ခ) လျှောက်ထားလိုသူများသည် ၃၁-၈-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့် ပြီး အသက်(၃၀) နှစ်ထက် မကျော်စေရ။

(ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်စေရ)

(ဃ) အမှတ်စဉ် (ဂ)၊ (ဃ)၊ (င)၊ (စ) လျှောက်ထားလိုသူများသည် ၃၁-၈-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၄၀) နှစ်ထက် မကျော်စေရ။

(င) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့ (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်ရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ်(ဂ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် ပညာရေး အထောက်အထားမိတ္တူ၊ ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ

(ဃ) အမှတ်စဉ် (ဃ)၊ (င)၊ (စ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် ပညာရေး အထောက်အထားမိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) အိမ်ထောင်စုစာရင်း မိတ္တူ

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့ အရွယ် ဓါတ်ပုံ(၃)ပုံ ပူးတွဲ တင်ပြရမည်။

(ဈ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်

၄။ အခြားအစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့် မပြုပါ။

၅။ လျှောက်လွှာများကို ၃၁-၈-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာ ထုတ်ယူခဲ့သည့် ဦးစီးဌာန/အဖွဲ့ (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည်။

၆။ အမှတ်စဉ်(က)၊ (ခ) လျှောက်ထားသူများသည် အထွေထွေဗဟုသုတ/အင်္ဂလိပ်စာရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများသည် ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး အမှတ်စဉ်(ဂ)၊ (ဃ)၊ (င)၊ (စ) လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်။ ဖြေဆိုခွင့် ရရှိသူ အမည်စာရင်း၊ ဖြေဆိုရမည့် နေ့ရက်နှင့် နေရာတို့အား ၆-၉-၂၀၂၁ ရက်နေ့တွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင် ကြေညာပေးမည်။ ဝန်ကြီးဌာန၏ Website www.mol. gov.mm.com တွင် ဖော်ပြထားပါမည်။

၇။ အသေးစိတ်သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့များ၏ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများနှင့် ဝန်ကြီးရုံး ၀၆၇-၃၄၃၀၁၈၀၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၄၃၈၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၁၇၉၀၃၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၃၉၂၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၁၄၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ တိုက်အမှတ် (၄၀)၊ အခန်းအမှတ်(၁၂)၏ တိုက်ခန်းအမည်ပေါက် ဒေါ်ခင်ခင်ယု [၇/လပတ(နိုင်)၀၇၈၈၆၅]ထံမှ ဦးဝင်းမင်းထွေး [၈/မမန(နိုင်)၁၆၆၉၁၄] က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအမည် ပြောင်းလဲပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ အဆင့်မြင့်ပညာဦးစီးဌာန(ရုံးချုပ်)နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် Laptop Computer (၂၃၄၂)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၈-၂၀၂၁ ရက်တွင် ဤဦးစီးဌာန အင်ဂျင်နီယာဌာနတွင် Online စနစ်ဖြင့် စတင်၍ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၂၁ရက်(၁၆:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန (ရုံးချုပ်)၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)အနီး၊ အုပ်ချုပ်မှု(၃)ထပ်ရုံး အဆောက်အဦ၊ နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၀၇၇၂၅၊ ၀၆၇-၃၄၀၇၇၂၆၊ ၀၉-၂၅၉၁၅၅၈၆၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန

မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း

မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ	၈၇၃၀. ၂၁	၁ လုံး	-	၁ လုံး
၂။	ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ)	၄၃၂၀	၁ ခု	-	၁ ခု
၃။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅	၁၈ ခု	-	၁ ခု
၄။	မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း	၃၀	၄၅၅ ခန်း	၁၂ ခန်း	၄၄၃ ခန်း
၅။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅	၅၀ တိုင်	၈ တိုင်	၄၂ တိုင်
၆။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇	၆၅၂ ခု	၄၆ ခု	၆၀၆ ခု
၇။	လမ်းမီးတိုင်(၉ မီတာ (၁) တိုင်)	၁၀	၁၈၀ တိုင်	၁၃ တိုင်	၁၆၇ တိုင်
၈။	Garden Light (၁ မီတာ(၁)တိုင်)	၁. ၂	၉၀ တိုင်	၁၅ တိုင်	၇၅ တိုင်

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်
၉။	မုစလိန္ဒအိုင်(၁ ကန်)		
	(က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ)	၁၄၉၈	၁ ခု
	(ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ)	၃၅၃၆	၁ ခု
	(ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ)	၅၆၂	၁ စင်း
	(ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ)	၁၆၂၄	၁ ကန်
	(င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း	၉၁၇	၁ ခု
	(စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း	၁၀၀၈	၁ ခု
	(ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း)	၇၀၃	၇၄ တိုင်
	(ဇ) ရေကန်ပတ်လည်မြေယာရှုခင်း	၅၁	၁ ခု
၁၀။	ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း)	၁၃၂၂	၉ ခန်း
၁၁။	High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်)	၄၉၄	၉ တိုင်
၁၂။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ)	၁၉၃	၈၂ ခု
၁၃။	မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂	၂၀၀ ခန်း
၁၄။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint)	၄	၂၁၈. ၁၄ ခု

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

မူးယစ်ကိုပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....

- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

ဒေါ်လှကြည်

အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်-၂၈၊ ပထမထပ်နေ ဦးထွန်းယုံ-ဒေါ်ညိုညိုတို့၏တစ်ဦးတည်းသောသမီး၊ (ဦးမောင်လေး)၏ဇနီး၊ ဦးတင်ရွှေ-ဒေါ်ရီရီအောင်၊ ဒေါက်တာဆွေဆွေအောင် (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးကိုကိုအောင်-ဒေါ်ကြည်ကြည်မြင့်၊ (ဦးသန်းထိုက်အောင်(ခ)ညီညီအောင်)တို့၏မိခင်၊ ထွဋ်မြတ်ရဲကျော်၊ ဉာဏ်လင်းထက်နှင့် အောင်မြတ်မင်းတို့၏အဘွားဖြစ်သူ ဒေါ်လှကြည် အသက် (၉၃)နှစ်သည် ၂-၈-၂၀၂၁ ရက်(တနင်္လာနေ့) ည ၁၀:၅၅ နာရီအချိန်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၁ ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး သူရစိန်ဝင်း(ငြိမ်း)(စတသ-၁၃)

အထွေထွေမန်နေဂျာ(ငြိမ်း)(MADI,စက်မှု-၂)

အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ကြင်မြိုင်(ခ)ဒေါ်လတ်လတ်၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး သူရစိန်ဝင်း(ငြိမ်း)သည် ၃-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာ ကောင်းမွန်ရာဘဝရောက်ပါစေ-

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈)စည်သူတပ်ခွဲမှ
တပည့်မိသားစုများ

ကျန်းမာရေးဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ပုံမှန်ဓာတ်ခွဲလုပ်ငန်းများဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဓာတ်ခွဲပစ္စည်း(Reagent & Consumable)များအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန် - (၉-၈-၂၀၂၁)ရက် နံနက်(၁၀:၀၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၃-၈-၂၀၂၁)ရက် ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၁၃၉၉၀၆ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၇၁၉၅၇ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

"ပြင်ဆင်ဖတ်ရှုပါရန်"

(၁-၈-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ (၂၅)၌ ဖော်ပြကြေညာချက်တွင်ပါရှိသည့် ဒေါ်လှလှဌေး [၁၂/ဗတထ(နိုင်)၀၀၆၃၆၇]တစ်ဦးတည်းပိုင် တိုက်ခန်းများဖြစ်ကြောင်း အများသိစေရန်နှင့် ဒေါ်ခင်ခင်ကျော်၊ ဒေါ်ကြူကြူစန်းတို့သိစေရန် ခေါင်းစဉ်၏ စာပိုဒ်(၁) (ခ) တွင် တောင်ညွှန့်ကြီးရပ်ကွက်၊ (၁၁၄)လမ်း၊ အမှတ်(၁၈)၊ ၆-လွှာ(ဘယ်)ကြေညာချက်အစား **တောင်ညွှန့်ကြီးရပ်ကွက်၊ (၁၁၄)လမ်း၊ အမှတ်(၆)၊ မြေညီ(ဘယ်)**ဟုပြင်ဆင်ဖတ်ရှုပါရန်။

လူပျောက်ကြော်ငြာ

၁။ မနွေးနေခြည်ဝင်း(ခ)သဲသဲ (ယာပုံ) (အဖ ဦးတင်ဝင်း) အသက်(၂၉)နှစ်၊ မှတ်ပုံတင်အမှတ် (၁၂/ဒဂဆ(နိုင်)၀၁၁၀၁၈) အိမ်ထောင်သည်၊ ညာဘက်နှုတ်ခမ်းအပေါ်မှဲ့နက်ရှိ အသားဖြူ အရပ် (၄ပေ ၁၀လက်မ) နှာခေါင်းလုံး မပိန်မဝပုံစံရှိသူနှင့်

၂။ မဖြူသဥ္ဇာဝင်း(ခ)ဖြူဖြူ (ဝဲပုံ) (အဖ ဦးကျော်လင်း) အသက်(၁၈)နှစ် မှတ်ပုံတင်မရှိ အိမ်အကူ ဆံပင်ထူ၊ နှုတ်ခမ်းထူ၊ အရပ်(၅ပေ) အသားလတ် မပိန်မဝပုံစံရှိသူတို့သည် (၂၂-၃-၂၀၂၁)ရက်နေ့က လှိုင်သာယာမြို့နယ်တွင် စားဝတ်နေရေးခက်ခဲသူများအား လှူဒါန်းရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ၎င်းတို့နှင့်အတူ ဖုန်းအမှတ် (၀၉-၄၃၁ ၂၁၄၉၀)အပါအဝင် လင်မယား(၂)ဦးပိုင် လက်ဝတ်လက်စားများလည်း ပါရှိပြီး ယခုအချိန်အထိ အဆက်အသွယ် မရရှိသဖြင့် ခင်ပွန်းဖြစ်သူ ဦးဇော်လွင်ဦးမှ သုဝဏ္ဏမြို့မရဲစခန်းတွင် လူပျောက်တိုင်ချက် အမှတ်စဉ်(၅/၂၀၂၁)ဖြင့် တိုင်ချက်ဖွင့်လှစ်ထားပြီး တွေ့ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားရှိသူမည်သူမဆို ပြစ်မှုကြောင်းဖြင့် အရေးယူခြင်းခံရမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရုံး/အိမ်-
အမှတ်(၂)၊ ရဲရန်နိုင်လမ်း၊(၃၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၈ ၀၆၇ ၃၀၆၇

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထူးလှိုင်
အထက်တန်းရှေ့နေ
စဉ်-၂၄၂၉၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်(၁၆၉/၈၁)၊ RC၊ (၄)ထပ်၊ ကန်ထရိုက်တိုက်၏ ဒုတိယလွှာ၊ ပထမထပ်၊ ခြေရင်းခန်း၊ အလျား(၁၁ ၁/၂)ပေ×အနံ(၅၅)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခု အပိုင်ရောင်းချသူ(ကန်ထရိုက်တာ) ဒေါ်နီနီဦး(ခ)ဒေါ်နီနီခိုင် (၉/မထလ(နိုင်)၁၄၄၃၂၄)မှ မြေရှင်ဖြစ်သူ ဒေါ်သန်းသန်းနွဲ့(၁၂/ဗတထ(နိုင်)၀၁၄၇၅၆)နှင့် ဒေါ်ခင်ချိုဦး(၁၂/ဒပန(နိုင်)၀၀၄၄၆၃)တို့နှင့် (၂၉-၄-၂၀၂၁)ရက်စွဲပါ "တိုက်သစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်"အား ချုပ်ဆို၍ ၎င်းရပိုင်ခွင့်ရှိသော အထက်ဖော်ပြပါ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားသူတစ်ဦးတစ်ယောက်အား ထပ်မံရောင်းချခြင်း မပြုကြောင်း ဝန်ခံကတိပြု၍ အဆိုပါ တိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏အမှုသည်က (၃-၈-၂၀၂၁)ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရံငွေပေးကတိစာချုပ်"ဖြင့် အသိသက်သေများရှေ့မှောက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီး ဖြစ်ကြောင်းနှင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်နိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်သူဇာထွန်း(၁၂/ဥကမ(နိုင်)၂၀၅၈၁၁)၏ လွှဲအပ်ညွှန်ကြားချက်အရ

၁။ ဒေါ်ခိုင်ရတနာစု
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၀၅/၀၇)
LL.B(Q), D.B.L,D.I.L, D.P.S

၂။ ဒေါ်မြည့်မြည့်လှိုင်ထွန်း
အထက်တန်းရှေ့နေ(စဉ်-၄၀၀၁၂/၁၆)
LL.B, D.B.L, D.IP.L, D.M.L, D.C.W.E

"ရာမညာ"Legal Services (ဥပဒေရေးရာ အတိုင်ပင်ခံနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်း)
အမှတ်-၅၂၁၊ အခန်း(၁/A)၊ ပထမထပ်၊ မေဓါဝီလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရုံးဖုန်း - 09 260087755 , 09 660087755, E-mail : yarmanyalegalservices21@gmail.com

"ငှားမည်"

ဒဂုံမြို့နယ်၊ စမုံလမ်း၊ နဝရတ်ကွန်ဒို ၁၅၀၀. Sqft, 2-M.R,4.AC. ပါကေးခင်း(ပ)ထပ်၊ ပရိဘောဂအစုံ **ဖုန်း-၀၉-၄၂၉၃၃၄၃၃၃၊ ၀၉-၂၆၂၃၆၆၄၈၈**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၁)လမ်း၊ အမှတ်(၁၁၃)၊ (၄)လွှာ (အကျယ်အဝန်း ၂၅ပေx၆၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်သော်တာသန်း[၁၂/ဗတထ(နိုင်)၀၁၇၁၂၈]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) စာချုပ်စာတမ်းများဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လင်းလက်လေးမောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၉၀၄)
အခန်း(အေ)၊ ၁၁/၁၂၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၂၅၂၂၀၀

သင့်သွေးဖြင့် အသက်ကယ်ပါ

အထူးကျေးဇူးတင်ရှိကြောင်း
စိုင်းမင်းဦး (ခ) Sai Daniel Min Oo
အသက်(၅၉)နှစ်

၃၁-၇-၂၀၂၂ (စနေနေ့) ညနေ ၃:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားသူ စိုင်းမင်းဦး (ခ) Sai Daniel Min Oo မမာမကျန်းစဉ်ကာလတစ်လျှောက်လုံးနှင့် ကွယ်လွန်ပြီးသင်္ဂြိုဟ်ပြီးချိန်ထိ မိသားစုသဖွယ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ရဲချုပ်စိုးဝင်း(ငြိမ်း)မိသားစုမှလည်း နှုတ်၏ဆောင်မခြင်းဖြင့် ကူညီပံ့ပိုးခဲ့ပြီး အောက်စီဂျင်နှင့်ဆေးဝါးပံ့ပိုးခဲ့သော A to Z လွင်ဦးထွေး Co.,Ltd မှ ဦးဝင်းလွင်ဦး-ဒေါ်မိမိထွေး၊ သား ကိုနန္ဒလွင်ဦး၊ ကျန်းမာရေးကူညီစောင့်ရှောက်ပေးပါသော Dr.နေမျိုး ဟန်၊ ဗေဒနွေလအသင်းချုပ်ဆရာတော် Dr.ယော်လှနှင့်ဆရာများ၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိနေသောသူငယ်ချင်းများမှ လိုအပ်သည့်ဆေးဝါးများကို ရရှိရေး ကူညီဆောင်ရွက်ပေးခဲ့ခြင်း ဂျပန်နိုင်ငံရောက်ညီဖြစ်သူ စိုင်းမင်းဇော်မှလည်းလိုအပ်သည်များကို ပံ့ပိုးခြင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရန်ကုန်တိုင်းဒေသကြီး) ဒုဥက္ကဋ္ဌနှင့် အဖွဲ့မှကူညီပံ့ပိုးပေးခြင်း၊ နာရေးကိစ္စအဝဝကို အစအဆုံးကူညီပေးခြင်း၊ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ပေးပါသောဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများ၊ ရပ်ဝေးရပ်နီး နိုင်ငံရပ်ခြားမှ ညီအစ်ကို မောင်နှမများနှင့် ကျေးဇူးထင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတော်ချီးမွမ်းပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ဒါယိကာမကြီး

ဒေါ်မြင့်သန်း(ခ) ဒေါ်မမလေး
B.A.Ed (BED) အ.ထ.က(၁)ဗဟန်း၊ အထက်တန်းပြ(ငြိမ်း)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိကွန်ဒို (E/724)နေ (ဦးဘမှီ-ဒေါ်ဦးသာကောင်း)တို့၏ ချစ်လှစွာသောသမီး၊ [ဦးစန်အုံး (ရန်ကုန်တက္ကသိုလ်မော်ကွန်းထိန်း)]၏ ချစ်လှစွာသောဇနီး၊ (ဦးရဲနိုင်)-ဒေါ်လှလှ၊ (ဦးအောင်ဟိန်း)-ဒေါ်စန်းစန်းကြွယ်(မိုဇာလျှန်းဝေ)၊ ဒေါက်တာသိင်္ဂီ၊ (ဦးမော်လင်း)၊ (Capt-ကျော်မင်း)-ဒေါက်တာကေခိုင်ထွန်း၊ (ဦးမြတ်မင်း)၊ ဦးဆွေမင်း-ဒေါ်ပပခင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ် ၁၂ ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၅-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေသန်းနွဲ့
အသက်(၆၁)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲရေးဌာနကြီးမှ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်း၏ချစ်လှစွာသောဇနီး ဒေါ်မေသန်းနွဲ့သည် ၁-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်ဇနီး
တပ်ဖွဲ့ဝင်များ
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေသန်းနွဲ့
အသက်(၆၁)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲရေးဌာနကြီးမှ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်း၏ချစ်လှစွာသောဇနီး ဒေါ်မေသန်းနွဲ့သည် ၁-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်ဇနီး
တပ်ဖွဲ့ဝင်များ
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

အထူးကျေးဇူးတင်ရှိခြင်း
ဦးမျိုးတင့်
[D.P.O, General Manager(ငြိမ်း)၊ အထက(၁)ပုသိမ် ကျောင်းသားဟောင်း]
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးအုန်းမောင်-ဒေါ်တင်ကြည်-ပုသိမ်)၏သား၊ ဒေါ်မြင့်မြင့်စန်း (အလပြ-ငြိမ်း)၏ခင်ပွန်း၊ မစုလှိုင်(BCIS Hons,London Metropolitan University,United Kingdom, M.Sc KM,Nanyang Technological University,Singapore) Deputy Manager (HCMS), MPT-KSGM JO ၏ဖခင်သည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းအပေါင်းအသင်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

